


# ကိုတံငါ

မဟာမစ္ဆဗေဒ

# သာလွှားလာရင် ငါးပါစေရမယ်

နှင့်

စာ က ဗျာ စု များ

# သာလွှားလာရင် ငါးပါစေရမယ်

# နှင့်

# စာကဗျာစုများ

ကိုတံငါ(မဟာမစ္ဆဗေဒ)

"ရွှေရတုအမှတ်တရ" အဖြစ်
မိခင်ကြီးဒေါ်ယဉ်မေ (ကသာ) အား
ရည်စူးပူဇော်ကန်တော့အပ်ပါသည်

ကိုတံငါ (မဟာမဏ္ဍဗေဒ)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
  နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
  ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍
  စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်
  နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ
  မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၂၀၀၈၀၁၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသည့်လ - ဒီဇင်ဘာလ ၂၀၁၀

တန်ဖိုး -

အဖုံးဒီဇိုင်း နှင့် အတွင်းကွန်ပျူတာ - **Silver Sea Media**

စီစဉ်သူ - Win Mon
Environmental Conservation Group

ထုတ်ဝေသူ - ဒေါ်သင်းမွန် (၀၄၂၇၂)
သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂) ရပ်ကွက်
ကမာရွတ်မြို့နယ်၊ ရန်ကုန်

ပုံနှိပ်သူ - ဦးသန်းအောင် (ယာယီ ၇၈၆၆)
သီရိအက္ခရာဝါပုံနှိပ်တိုက်
အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊

ဖြန့်ချိရေး - **Silver Sea Media**

**ကိုတံငါ (မဟာမဏ္ဍပေဒ)**

သာလွှားလာရင် ငါးပါစေရမယ်နှင့် စာကဗျာစုများ/
ကိုတံငါ(မဟာမဏ္ဍပေဒ)။ – ရန်ကုန် ၊

**သင်းစာပေ ၊ ၂၀၁၀။**

၁၀၄ – စာ၊ ( ၁၂ × ၁၈) စင်တီ။
(၁) သာလွှားလာရင် ငါးပါစေရမယ်နှင့် စာကဗျာစုများ

# မာတိကာ

၁။ အင်းနတ်မယ်တော် ပျဉ်ထောင်ကတော် ----- ၁

၂။ သာလွှားလာရင် ငါးပါစေရမယ် --------- ၉

၃။ ကျွန်တော်နှင့် ဟိုအကိုကြီး -------- ၁၇

၄။ ပိုက်ဆံများ ရှိလို့ကတော့ ဗျာ -------- ၂၃

၅။ ကျွန်တော်နှင့် ဘလက်ကီအဘိဗ္ဗာ -------- ၃၅

၆။ ညှိုးငယ်နေသော မျက်ဝန်းတစ်စုံ -------- ၄၃

၇။ စိတ်အချင့် -------- ၅၁

၈။ ဂါရဝ - ထာဝရ - သူမ -------- ၅၉

၉။ ကျွန်ုပ်နှင့် တက်စာ ---------- ၆၅

၁၀။ ကိုတံငါ လမ်းသလားနေသည် --------- ၇၃

၁၁။ ရှောဝတီ၊ ရှေပြောကြည်မှ - - - - - - - - - ၈၁

၁၂။ ငွေပင်လယ်ဂျာနယ် အတွက်
ဂုဏ်ပြုကဗျာ - - - - - - - - - - ၉၅

၁၃။ သူငယ်ချင်းသို့ (ကဗျာ) - - - - - - - - - - ၉၇

၁၄။ နတ်က···တော်တော်···နတ်ကတော် (ကဗျာ) - ၉၉

၁၅။ မြန်ပြည်မချစ်၊ ဝင်လာရစ်သော
နာဂစ်တောလား (ကဗျာ) - - - - - - ၁၀၂

၁၆။ မွေး/ရေကျေးငှူး၊ လွန်မြတ်ထူး (ကဗျာ) - - - - - ၁၀၄



# အင်းနတ်မယ်တော် ပျဉ်ထောင်ကတော်

ပန်းချီဝေမွန်လင်း

# အင်းနတ်မယ်တော်ပျဉ်ထောင်ကတော်

"ကသာမြို့"ဆိုတာ အထက်မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းက မြို့တစ်မြို့ပါ။ မြို့ဆိပ်ကမ်း သာယာလို့"ကမ်းသာ"ကနေ "ကသာ" ဖြစ်လာတယ်လို့ပြောကြရဲ့။ တစ်ချို့ကလဲ အလောင်းစည်သူ မင်းကြီး တိုင်းခန်းလှည့်လာတုံးက ကသာလို့ အမည်တွင်မယ့် ဆိပ်ကမ်းအရောက် ဖောင်စကြာကပ်မလို့ ကြံ့ရွယ်တုန်း ဆိပ်ကမ်းမှာ "ကပ်သာ" ရဲ့လားလို့ မေးရာကနေ ကာလရွေ့လျားတော့ ကသာ ဖြစ်သွားရောတဲ့။ တစ်ချို့ကြတော့ ကသာဟာ အရင်က ခန္တီးရှမ်း၊ မိုးညှင်းရှမ်းတို့ တည်ထားခဲ့တဲ့ "ကပ်ဆာ"ခေါ် "ဈေးမြို့"တဲ့၊ သို့သော်လည်း မည်သို့ခေါ်စေ ပြောလိုရင်းက အဲ့ဒီမြို့နယ် အင်းရွာဆိုတဲ့ တိုက်နယ်နားမှာ ရွှေလီနဲ့ ဧရာဝတီ နှပ်ဖူးစာရွာလည် ပေါင်းဆုံစီးတာကြောင့် ဧရာဝတီမြစ် ရေလွှမ်းမိုးခံရတဲ့ အင်း အခြေအနေတွေ အတော်ကောင်းတယ်လို့ ပြောရမှာပါပဲ။

အဲဒီ အင်းရှာတိုက်နယ်ကနေ အောက်ကို ဆက်စုန်ဆင်းရင် "ထီးချိုင့်"ကို ရောက်ပါတယ်။ ထီးချိုင့် ဆိုတာကလည်း ထီးချိုင့်နတ်စိုးလို့ခေါ်တဲ့ အထင်ကရ တည်တောဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့တဲ့မြို့ဖြစ်ပါတယ်။ ဒါ့အပြင် မျက်ဖြေလင်္ကာရေးစပ်ခဲ့တဲ့ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံနယ် နှင်ဒဏ်ပို့ခံရတဲ့ မဲဇာဆိုတာ ထီးချိုင့်မြို့နယ်ထဲမှာပဲရှိပါတယ်။ ထီးချိုင့်မြို့ဟာလည်း ရောဝတီနဲ့ မဲဇာချောင်း ပေါင်းဆုံစီးဝင်လို့ အင်းတွေရဲ့ငါးတက်ငါးဆင်းအနေအထားဟာ အတော်ပဲကောင်းလှတယ်ဆိုရမှာပဲ၊ ပြောလိုတာက ကသာ၊ ထီးချိုင့် သမိုင်းအကြောင်းမဟုတ်ပါဘူး။ ရွှေလီ၊ ရော မဲဇာချောင်းများနဲ့ ပန်းရနေတဲ့ ကသာ၊ ထီးချိုင့်နယ်က အင်းနတ်ရိုးရာကိုးကွယ်မှုတွေ အကြောင်းပါ။ အဲဒီ ကသာ၊ ထီးချိုင့်နယ်မှာ ရိုးရာအင်းနတ်ကိုးကွယ်မှုကတော့ အခုထက်ထိ ရှိနေတုန်းပါပဲ။ ဒါပေမယ့် ဗုဒ္ဓဘာသာဓလေ့အရ အလှူအတန်း၊ သီလယူ၊ ဥပုသ်စောင့်လည်း မပျက်ကြပါဘူး။

အဲဒီ ကသာ၊ ထီးချိုင့်နယ်မှာ အင်းဆွဲဝယ်ရရှိတဲ့ အင်းသားကြီးတွေ အစဉ်အလာမပျက် ပူဇော်ပသလေ့ရှိတာ "ပျဉ်ထောင်ကတော်" ဆိုတဲ့ အင်းနတ်ရယ်၊ "ဘိုးနားထိုင်း" ခေါ်တဲ့ အင်းနတ်ရယ် နှစ်ပါး ရှိပါတယ်။ ပျဉ်ထောင်ကတော်ဆိုတာ အင်းသားကြီးတွေ ပြောစကားအရ ငေးမောရလောက်အောင် လှပတဲ့ အင်းနတ်တစ်ပါး ပါတဲ့။ မျက်လုံးက သောက်ရှူး

ကြယ်ညီနောင်လို လှတယ်၊ ရွှန်းလဲ့တယ်၊ နှုတ်ခမ်းက ဖူးစ၊ ငုံစ နှင်းဆီပန်းလိုပဲတဲ့၊ နှာတံကလည်း ဖြောင့်စင်းလို့ ပြစ်မျိုးမဲ့မှထင်ပါတဲ့၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ကြွကြွရွရွ၊ အသားကဝင်းမွတ်နေတာပဲလို့ "သာလွှားလာရင် ငါးပါရစေမယ်" ဆိုတဲ့ အင်းသူကြီး ဦးသာလွှားက ပြောပါတယ်။ အင်းသူကြီး ဦးသာလွှားက ဘယ်အင်းလုပ်လုပ် မရှုံးပါဘူးတဲ့၊ သူက ပျဉ်ထောင်ကတော်နဲ့ လက်ထပ်ထားပါသတဲ့၊ ပျဉ်ထောင်ကတော်ကို ယုံကြည်ပုံများ သေတဲ့အထိ ပျဉ်ထောင်ကတော် ရှာ်ထုနားက မခွာဘူး။ ပျဉ်ထောင်ကတော်ဟာ လူ့ဘဝတုန်းက ရွှေတိုရွှေစ အပေါင်ခံလို့ ငါးချေးတိုး ပေးစားတာတဲ့။ အပျိုကြီး၊ တစ်ကိုယ်တည်းသမားဖြစ်ပြီး အပါးတော်မြဲ အင်းခွေးတစ်ကောင်ကိုပဲ အဖော်ပြုနေပါသတဲ့။ သခင်မက အဲဒီခွေးကြီးကိုချစ်သလို ခွေးကြီးကလည်း သူ့သခင်မ နားက တစ်ဖဝါးမခွာ စောင့်ရှောက်နေတတ်ပါတယ်တဲ့။ ပျဉ်ထောင်ကတော်က အလွန်ချောမောလှပလွန်းတော့ အဲဒီခေတ်က လူပျိုလှည့်ကြတဲ့ ကာလသားတွေဟာ အပျိုကိုလည်း ရစ်သီချင်ရဲ့ ကိုယ်ရံတော်ခွေးကြီးကိုလည်း ကြောက်ကြတော့ သူတို့ လူပျိုလှည့်သွားကြတဲ့အခါ ခွေးကြီးကို ချော့မြူဖို့ အစားအစာတွေ ယူသွားတတ်ကြပါတယ်။ ခွေးကြီးကို အစာနဲ့မြူပြီးမှ ပျဉ်ထောင်ကတော်မကို ကလူကျီစယ် လေ့ရှိကြပါတယ်။ တစ်နေ့ တစ်နေ့ လူပျိုလှည့်တာတွေလည်း

များတော့ ခွေးကြီးကတော့ စားရလွန်းလို့ ဝဖီးနေမှာပါ။ ထူးခြားတာ တစ်ခုက လှူပို့လှည့်ခံရတဲ့ ပျဉ်ထောင်ကတော်မဟာ ကာမဂုဏ် ကို အထူးမက်မောပါသတဲ့။ ရည်စားတော်တော်များများနဲ့လည်း ချစ်တလင်းမှာ စစ်ခင်းလေ့ရှိတယ်လို့ ဆိုပါတယ်။ ဇာတ်လမ်းက တော့ ရှိုးရှိုးပါပဲ၊ ကွယ်လွန်သွားတော့လည်း ဈေးတိုးလိုက် တောင်းရင်း အင်းထဲကျ "ခုံး"ရှာတာတဲ့၊ ဒါဖြင့် ဒီဇာတ် သည်တင် ရပ်ပြီပေါ့။ မရပ်သေးတာက အင်းသားကြီးတွေပါ။ ငါးအထိအမိ များရင်၊ ကုန်တက်များရင်၊ ပျဉ်ထောင်ကတော်တင်လို့ မ,စလို့ ပဲလို့ အယူရှိပြီး ပူဇော်လိုက်ကြတာ ခုထက်တိုင်ပါ။ စိတ်ဝင်စား စရာအချက်က အခုခေတ်အထိ အင်းနတ်တင် တဲ့ပွဲပါပဲ။

အင်းသားကြီး ဒေါ်ခင်ခင်ရဲ့ နန္ဒင်းဘိုးအင်းမှာ အင်းနတ် တင်တော့ (၃၇)မင်းနတ်အတွက် မုန့်ဆီကြော်(မုန့်ဖြူ ၊ မုန့်နီ)၊ ကောက်ညှင်းပေါင်း၊ ငါးကြော်၊ ကြက်သားကြော်တစ်မျိုးစီ (၃၇) ပွဲ နတ်စင်ပေါ်မှာ ပြင်ဆင်ထားလေရဲ့ ဝဲဘက်ထောင့်မှာ ဖျာယိုင် ကာလို့ ဘိုးနားထိုင်း၊ ဘိုးတော၊ ဘိုးရှုည်တို့အတွက် သီးသန့် နတ်နန်း၊ နတ်ခန်းနှင့် ယာဘက်ထောင့်မှာတော့ ဖျာယိုင်ကာ လို့ ပျဉ်ထောင်ကတော်အတွက် သီးသန့်နတ်ခန်းထားရှိပါတယ်။ ပျဉ်ထောင်ကတော်နတ်နန်းအဝမှာ "အပျိုလေးများမလာရ"လို့ ချိတ်ဆွဲ ထားပါတယ်။ အကြောင်းရှိမှာပေါ့၊ ပျဉ်ထောင်ကတော် ကို လှူပို့လှည့်လာတဲ့ လှူပို့သိုးများနဲ့ တိုးမိမှာစိုးလို့ထင်ပါတယ်။

ပျဉ်ထောင်ကတော် နတ်နန်းထဲမှာ လက်ကောက်၊ ဆွဲကြိုး၊ နားတောင်းများ ဝတ်စားဆင်ယင်ပြီး ထိုင်နေဟန် ပျဉ်ထောင်ကတော် နတ်ရုပ်ထုကို တွေ့ရပါတယ်။ အဲဒီမှာ နတ်မြူတဲ့အနေနဲ့ ပျဉ်ထောင်ကတော် ဇာတ်လမ်းကို လော်စပီကာနဲ့ ရွာဘက်လှည့်လို့ ဇာတ်ခင်း နေကြပါရောလား။ နန္ဒင်းဘိုးအင်း နတ်တင်ရင် အင်းပတ်လည်က ကူးကာ၊ ကျားသေ၊ ပိန်းလဟာ၊ စက်ဆုတ်စတဲ့ ရွာက လူတွေလာကြလေရဲ့။ အင်းသားကြီးကလည်း ဖိတ်ထားတာကိုး။ ထမင်းကျွေးတယ်၊ အရက်ကို ရာဝင်အိုးနဲ့ တည်တိုက်ပါသတဲ့။

စာရှုသူ အရက်သောက်တတ်တဲ့ ခွေး၊ စီးကရက်သောက်တတ်တဲ့ ခွေးကို တွေ့ဖူးပါသလား။ ပျဉ်ထောင်ကတော်ပွဲမှာ အဲသည့် ခွေးမျိုး အများအပြားတွေ့ရပါတယ်။ အင်းနတ်တင်ပွဲမှာ ပျဉ်ထောင်ကတော်က လက်စွပ်၊ ဆွဲကြိုး၊ နားကပ်၊ ပြိုးပြိုးပျက်ပျက် ထိုင်မသိမ်းလုံချည်နဲ့ လှပနေတဲ့ ရုပ်ထု ဖြစ်ပါတယ်။ ပျဉ်ထောင်ကတော်ရဲ့ လက်စွဲတော် အင်းခွေးကြီးကတော့ တကယ့်သက်ရှိပါပဲ။ သို့သော် တကယ့်ခွေးမဟုတ်၊ လူခွေးဖြစ်ပါတယ်။ လူက ခွေးနေရာမှာ သရုပ်ဆောင်ထားတာဖြစ်ပြီး အဲသည့်ခွေး ဇာတ်ရုပ်ကို သရုပ်ဆောင်လိုသူ အလွန်များပါတယ်။ ခွေးဖြစ်ချင်တဲ့ အကြောင်းကတော့ ရှင်းပါတယ်။ ပျဉ်ထောင်ကတော်ကို လှူပျိုလှည့်တိုင်း ခွေးကြီးကို အစာနဲ့ မြူကြရလို့ပါပဲ။

လူပျိုလှည့်ခန်းကို ကောက်နုတ်တင်ပြရင်တော့ လူပျို
လှည့်သူက လော်စပီကာကနေ
"မမပျဉ်··· မမပျဉ်··· တံခါးဖွင့်ပါအုံး။ မောင်မြင့်ပါ"
"ဟဲ့····ဘယ်သူများမှတ်တယ် ငါ့မောင်ကိုး····
ကဲ····လာ····လာ"
(ခွေးလုပ်သူမှ တဝုတ်ဝုတ်နဲ့ ဟောင်နေရပါတယ်)
အဲဒီအခါ လူပျိုလှည့်လာတဲ့သူက အင်းခွေးကြီးကို ကြောက်
ရတော့၊ ပါလာတဲ့မုန့် ခွေးကို ကျွေးရပါတယ်။ ခွေးသရုပ်ဆောင်
လူခွေးက·
"ဝုတ်····ဝုတ် ကြက်ကြော်စားမယ်"
"ဝုတ်····ဝုတ် ငါးကြော်စားမယ်"
"ဝုတ်····ဝုတ် စီးကရက်သောက်ချင်တယ်"
"ဝုတ်····ဝုတ် ဘီယာသောက်မယ်"
စသည်ဖြင့် တဝုတ်ဝုတ်နဲ့တောင်းသမျှကို သခင်မ မျက်နှာ
ကြည့်ပြီး လူပျိုလှည့်သူက ကျွေးရပေးရပါတယ်။
"အဖြူမသောက်ချင်ဘူး၊ အနီသောက်မယ်···"
ဆိုလည်း တိုက်ရ၊ စီးကရက်ဘူးဆိုလည်းပေးရ၊ လူသရုပ်ဆောင်
အင်းခွေးကြီးက တစ်ခါတစ်ရံ ကိုက်တော့မယ့်ဟန်နဲ့ လူပျိုသိုး
အိတ်ကပ်ထဲက ပိုက်ဆံနှိုက်ယူသွားတာလည်းရှိတယ်။ ဒီဇာတ်မှာ
ခွေးသရုပ်ဆောင်ရတာ တယ်ကောင်းဆိုကိုး။ ခွေးကြီးကလွှတ်

လိုက်လို့ ချစ်စခန်းဖွင့်ရတယ် ဆိုရင်ပဲ ....

"ပျဥ်ထောင်ကတော်မပေါင်....သပြေရောင်

× ×  × × ×  × × ×  × × ×

အစချီတဲ့ သမီးရည်းစားချိန်းတွေ့ခန်း ဖရသဝါစာ ခပ်ကြမ်းကြမ်းသံချပ်ကို မူးနေကြတဲ့ ကာလသားတွေက ကွက်ကွက်ကွင်းကွင်း ထိုးကြပါသတဲ့။ အဲသည်တော့ ပွဲလာကြည့်ကြတဲ့ အပျိုမတွေလည်း တချိုးတည်း ထပြေးကြပါရောလား။ အိမ်ထောင်ရှင် အမယ်ကြီးများလောက်သာ နတ်ချော့လို့ ရှိနေတာပဲဆိုပြီး ဆေးလိပ်ဖွာမပျက် နေကြပါသတဲ့။ ဒီသံပြိုင် နတ်ချင်းတေးကဗျာသံချပ်ဟာ ဘယ်ခေတ်လောက်က ပေါ်လာသလဲဆိုတာတော့ ဘယ်သူမှ အပ်ချမတ်ချ မပြောနိုင်ပါဘူး။

ဇာတ်လမ်းပြီးသွားတာနဲ့ "သခင်မဘုရား လက်ကောက်၊ နားတောင်း၊ ပုတီးအပေါင်းမှစ၍ စိန်စီချယ်သ၊ နီလာမြနှင့် လက်ဝတ်ရတနာမျိုးစုံကို ပူဇော်ပါတယ်။ သခင်မကြိုက်တဲ့ ကြက်ကြော်၊ ငါးကြော်၊ မုန့်ဆီကြော်နှင့် အချိုရည်မျိုးစုံကိုလည်း တင်ပါတယ်၊ ပသပါတယ်၊ ကူညီကာဝိုင်းလို့ မှိုင်းမတော်မူပါ သခင်မဖုရား။ သစ်ရွက်၊ သစ်ပင် ငါးအသွင်ဖြစ်ပြီး၊ တင်းတောင်း အလီလီချိန်နိုင်အောင်၊ ငါးကြင်း၊ ငါးတန်၊ သိန်း တန်တဲ့ ငါးများ အထွက်ပွားအောင် မစတော်မူပါသခင်မဖုရား" လို့ နတ်ချော့လေ့ ရှိကြပါတယ်။ အင်းနတ်တင်ပွဲပြီးလို့ လုပ်ငန်းရာသီချိန် တစ်ဝက်

ကျိုး လို့ ငါးအထိအမိ အခြေအနေကို မေးတဲ့ အခါ၊ အင်းသားကြီးက “ငါးများပေါလွန်းလို့ မနက်အိပ်ယာထ မျက်နှာသစ်ရင်၊ အင်းရေပြင်ကို ပေါ့သလို ဘယ်၊ ညာ ဖမ်းရမ်းပြီးမှ သစ်ရတယ်” “အဲဒီ အင်းရေပြင်နားက ဖြတ်သွားရင်လေချောင်းတောင်ကျယ်ကျယ်မပဟန့်ရဲဘူး။ ငါးတွေလန့်ပြီး ခုန်ထွက်ကုန်မှာ စိုးလို့ပါ”လို့ ခိုင်းခိုင်းနှိုင်းနှိုင်း ပြောတတ်ပါတယ်။

ပျဉ်ထောင်ကတော် ရိုးရာအင်းနတ် အကြောင်းကို၊ ဓလေ့ထုံးစံအရ ကိုးကွယ်လေ့ရှိကြပုံကို တင်ပြခြင်းဖြစ်ပါတယ်၊ အင်းမှာ အင်းနတ်ကိုးပြီး ရွာပြန်ရောက်တဲ့အခါ ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်သီလ မပျက်၊ အလှူရေစက် လက်နဲ့ မကွာ နေတတ်ကြတာဟာ၊ အနေကြမ်း၊ စရိုက်ကြမ်း၊ အပြောကြမ်းသော်လည်း၊ ရိုးသားပွင့်လင်းကြတဲ့ အင်းသားကြီးများရဲ့ ဘဝအမှန်ပင် ဖြစ်ပါတော့သတည်း ။ ။


ငါးပါစေရမယ်

# သာလွှားလာရင် ငါးပါစေရမယ်

**သာလွှားလာရင်ငါးပါစေရမည်** ဟု ဆိုရိုးသဖွယ် ကြုံးဝါးတတ်သော အင်းသားကြီးတစ်ဦးကို ၁၉၇၉ ခုနှစ် ဝန်းကျင်တဝိုက် ကသာမြို့နယ်စု (ယခုကသာခရိုင်)တွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော်တွေ့ခဲ့ဘူးပါတယ်။

တကယ်လည်း လုပ်ခဲ့သည့် အင်းလုပ်ငန်းတိုင်း ရှုံးသည်ဟူ၍ မကြားဘူးပါ။ ခရိုင်ဝန် မြို့ပိုင်မင်း လက်ထက်ကတည်းက အင်းခွဲလုပ်ကိုင်လာသည့် အင်းသူကြီးဟောင်း တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် အသက်ငယ်ငယ် ပညာဝယ်ဘဝ အသက် ၂၆နှစ်ခန့်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးတာဝန်ကို ကသာမြို့နယ်၌ စတင်ထမ်းဆောင်ခဲ့ရာ၊ အင်းလုပ်ငန်းစီမံခန့်ခွဲမှုသင်ကြားပေးခဲ့သော ဆရာဦးဘသော် (ဒုတိယ ညွှန်ကြားရေးမှူးငြိမ်း)က အင်းလုပ်ငန်းတွေ စီမံခန့်ခွဲတဲ့အခါ ဥပဒေကို နောက်မှ

# သာလွှားလာရင် ငါးပါစေရမယ်

**သာလွှားလာရင်ငါးပါစေရမည်** ဟု ဆိုရိုးသဖွယ် ကြုံးဝါးတတ်သော အင်းသားကြီးတစ်ဦးကို ၁၉၇၉ ခုနှစ် ဝန်းကျင်တဝိုက် ကသာမြို့နယ်စု (ယခုကသာခရိုင်)တွင် တာဝန်ထမ်းဆောင်စဉ် ကျွန်တော်တွေ့ခဲ့ဘူးပါတယ်။

တကယ်လည်း လုပ်ခဲ့သည့် အင်းလုပ်ငန်းတိုင်း ရှုံးသည်ဟူ၍ မကြားဘူးပါ။ ခရိုင်ဝန် မြို့ပိုင်မင်း လက်ထက်ကတည်းက အင်းခွဲလုပ်ကိုင်လာသည့် အင်းသူကြီးဟောင်း တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် အသက်ငယ်ငယ် ပညာဝယ်ဘဝ အသက် ၂၆နှစ်ခန့်တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးတာဝန်ကို ကသာမြို့နယ်၌ စတင်ထမ်းဆောင်ခဲ့ရာ၊ အင်းလုပ်ငန်းစီမံခန့်ခွဲမှု သင်ကြားပေးခဲ့သော ဆရာဦးဘသော် (ဒုတိယ ညွှန်ကြားရေးမှူး ငြိမ်း)က အင်းလုပ်ငန်းတွေ စီမံခန့်ခွဲတဲ့အခါ ဥပဒေကို နောက်မှ

ဖတ် မျက်နှာ "စာ"ကို အရင်ဖတ် ဆိုတဲ့စကားအတိုင်း အင်းသူကြီးအိုကြီးများနှင့် အနီးကပ်နေရင်း မျက်နှာစာ ဖတ်ခဲ့ပါသည်။ သူတို့ နှင့် ရင်းနှီးကျွမ်းဝင်လေ သူတို့ဘဝ၊ သူတို့အကြောင်း နောကြေအောင် သိလေ၊ စီမံခန့်ခွဲမှု မြန်ဆန်လေ၊ ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေ၊ ဖြေရှင်းနိုင်ခဲ့တာ ချည်းပဲ ဖြစ်ပါတယ်။ အဲ့ဒီမှာတင် **သာလွှားလာရင်ငါးပါ စေရမယ်** လို့ဆိုသူ ဦးသာလွှားကို ရင်းရင်းနှီးနှီး တွေ့ခဲ့ရပါတယ်။

ကျွန်တော် ရွှေကူမြို့နယ် အင်းလေလံတင်ရောင်းချပွဲ မသွားမီ တစ်ရက်အလိုမှာ အသားမည်းမည်း၊ အရပ်ခပ်ပြတ်ပြတ်၊ ရေ့ရွှေသွားကွပ်နဲ့ အသက်(၇၀)ကျော် ပုဂ္ဂိုလ်ကြီးတစ်ဦး ရုံးရောက်လာပြီး ဦးစီးတို့ ရွှေကူလေလံပွဲ သွားရင် သူ့ မော်တော်နဲ့ လိုက်ခဲ့ရန် ဖြစ်ကြောင်း၊ အဆင်သင့်ပြင်ထားကြောင်း၊ မနက်(၆) နာရီ ထွက်မှာ ဖြစ်ကြောင်းပြောပါတယ်။ ကျွန်တော်က လမ်းခရီး တလျှောက် မနက်စာ၊ နေ့လည်စာ စားဖို့ အဆင်ပြေပါ့မလား၊ ကြိုဝယ်ခဲ့ရမလား မေးတော့ ဘာမှမပူပါနဲ့လို့ ပြောပါတယ်။ သူပြန်သွားတော့ ကျွန်တော့တပည့်မေးကြည့်တဲ့အခါ ဦးသာလွှား ဖြစ်ကြောင်း သိရပါတယ်။ ကာသာနယ်ကုန် ဖိန့်ဖိန့် တုန်အောင် နာမည်ကြီးလှတဲ့ ငါးမုဆိုးကြီး ဦးသာလွှားကို အရင်လတ်လတ် စတွေ့ဖူးခြင်းပါ။

နောက်တစ်နေ့ နံနက် ၆ နာရီ ရွှေကူကြီး စက်လှေဆိပ်

က မော်တော်ထွက်တော့ အဲ့ဒီမော်တော်ပေါ်မှာ အင်းလေလံဆွဲမယ့် အင်းသားကြီး ဒေါ်ခင်ခင်၊ ဒေါ်စန်းမြင့်စတဲ့ အသက် (၆၀) ကျော် အမျိုးသမီးကြီးများ အပါအဝင် လူ ၁၅ ဦး ခန့် အတူ ပါလာ ပါတယ်။ မနက် ၈ နာရီ မိုးတားမြို့ ရောက်တော့ မနက်စာစားဖို့ ရောဝတီကမ်းနဖူးက အိမ်တစ်အိမ်ကို ဆိုက်ကပ်လာပါတယ်။ အိမ်ပေါ်တက်လိုက်တယ်ဆိုရင်ပဲ စားပွဲဝိုင်းနဲ့ အဆင်သင့်ပြင်ထားတဲ့ အငွေ့ထောင်းထောင်း ကောက်ညှင်းပေါင်းနဲ့ အကြော်စုံ၊ မုန့်စိမ်းပေါင်း၊ ဆီထမင်းနှင့် ငါးရံ့ခြောက်ဖုတ်၊ ငါးသိုင်းကြပ်ကင်သုပ်၊ ငါးချဉ်ကြော်၊ လဘက်ရည်၊ ကော်ဖီ၊ သစ်သီးစုံများနှင့် နတ်သုဒ္ဓါတမျှ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ အစားအသောက် ကောင်းရုံမျှမကသေးဘူး ကျွေးမွေးတဲ့ အိမ်ရှင်များကလည်း စေတနာ၊ သဒ္ဓါပိုလျှံကာ ဖော်ရွေသမှု ပြုကြသည်မှာ ဆွေမျိုးရင်းခြာပမာဖြစ်နေ၍ ညှိသည်ဖြစ်သည့် ကျွန်တော်တို့ပင် အားနာ ယူရပါတယ်။

အဲဒီကနေထွက်လာပြီး ရောဝတီမြစ်ရိုးတစ်လျှောက် မြူးတူးပျော်ပါးနေတဲ့ ပေါ်ရော၊ ဒင်ကြီး၊ ရေဘဲစတဲ့ ရေပျော်ငှက်များကို ကြည့်ရင်း ရေစီးနဲ့အတူမျောပါလာတဲ့ ပန်းခရမ်းပြာရောင် ဗေဒါပင်များကို ငေးရင်း ***ဗေဒါလမ်း*** ကဗျာ ရေးခဲ့တဲ့ ဆရာကြီးဇော်ဂျီကို လွမ်းရင်း ငုပ်တစ်ချီ ပေါ်တစ်လှည့် ဆော့ကစားနေတဲ့ ရောဝတီလင်းပိုင်များကို ကြည့်မောရင်း နေ့လည်စာ

စားချိန် (၁၂) နာရီခွဲလောက်မှာ ရွှေကျူမြို့နယ် ဘိုကုန်းရွာကို ရောက်ပါတယ်။ ဘိုကုန်း ရောက်တော့လည်း အိမ်ရှင်အမျိုးသမီး ကြီး ပြင်ဆင်ထားတဲ့ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ဂျိုသားဟင်းအမယ်များ။ ငါးဖယ်အောင်းကင်၊ ငါးသိုင်းထားဝယ် ကင်၊ ငါးဖယ်ထုချက်၊ ငါးလဝါ နံနံအုပ်၊ ငါးဖောင်ရိုး မီးဖုတ်၊ ရွှေစာရေးကြော်၊ ငါးဇင်စပ်၊ ငါးဒင်္ဂါးအိုးကပ်စတဲ့ ဟင်းမျိုးစုံက ဆာလောင်မှုကို ဖိတ်ခေါ်နေပါပြီ။ ဒါတင်မက ကြံ့တဲ့ ချမ်းလီစတဲ့ ဘီယာစုံ၊ တရုတ်စီးကရက်စုံ (အဲ့ဒီဒေသဘက်မှာ တရုတ်နယ်စပ် ကလာတဲ့ တရုတ်ပစ္စည်းတွေပဲ အသုံးများ ပါတယ်)နဲ့ ညှော်ခံတာ ဟာ ရေးတုံးက မြို့ပိုင်မင်း၊ အင်း အင်စပိတ္တော်များကို ပြန်လည် အမှတ်ရစေပါတယ်။

ဒီမှာတင် ***သာလွှားလာရင် ငါးပါစေရမယ်*** ဆိုတဲ့ အင်းသားကြီး ဦးသာလွှားကို အထင်ကြီးသွားပါပြီ။ လူကသာ မည်းကြုတ်ကြုတ်၊ ရုပ်ကသာ ကျွန်တော့်လောက် မချောတာ၊ အပေါင်းအသင်းမိတ်ဆွေ အများသား၊ ကြည့် . . . .သူ့ကို ခင်မင်ကြတဲ့သူတွေ လေးလေး နက်နက်၊ ရက်ရက် စက်စက် ခင်ကြတာ၊ ရိုသေသမှုပြုကြတာ၊ ဘေးလူက မနာလိုလောက် အောင်ပင်။ တစ်နေရာက ထွက်ခွာတိုင်း ကျွန်တော်တို့ကို ငါးခြောက်မျိုးစုံ၊ ငါးဆားနယ်ပေါင်းစုံ၊ ဟင်းသီးဟင်းရွက်များ ဂါရဝလက်ဆောင်ဖြင့် မြန်မာမှုပြုကြသည်မှာ ရေးရိုး မြန်မာများ

၏ ခလေ့မပျောက်သေးကြောင်း တွေ့ရပါတယ်။

အင်းလေလံပွဲအပြီး မြို့ပြန်ရောက်တော့ ခရီးစဉ်အကြောင်း၊ အဆင်ပြေကြောင်း၊ ဦးသာလွှားအကြောင်း၊ နယ်ခံဘကြီးတစ်ယောက်ကို ပြောပြတဲ့အခါ ဘယ်နေရာလဲ၊ ဘယ်အိမ်တွေလဲ၊ မေးပြီး တပားပား ရယ်ရင်း ဘယ်ဟုတ်မလဲ ငါ့တူရာ ပထမ ဝင်တဲ့အိမ်က သူ့ဒုတိယမယားရဲ့ သားကြီး အိမ်၊ ဒုတိယ ဝင်တဲ့ အိမ်က စတုတ္ထမယားရဲ့ သမီးကြီးအိမ် စသည်ဖြင့် ပြောပြီး ဦးသာလွှားမှာ ဇနီးမယား(၆)ယောက်ရှိကြောင်း ပြောပါတယ်။ ဩော် . . . ဒါကြောင့်လည်း သူတို့ အဖေနဲ့ အတူပါလာတဲ့ ညော့သည်တွေကို ဆွေမျိုးရင်းလို ညော့ခံတာကိုး လုပ်ရက်ပါပေ့ ဦးလေးသာလွှားရယ်။

အဲ့ဒီလိုနဲ့ (၃)နှစ်လောက် ကြာပြီးတော့ ကျွန်တော်နဲ့ ဦးသာလွှားရင်းနှီးမှုကလည်း တူဝရီးလိုဖြစ်နေပါပြီ။ ဦးသာလွှားရဲ့ ကောင်းတဲ့အချက်က လုပ်ငန်းနှင့် ပတ်သက်ပြီး အရှုပ်အရှင်းမရှိ၊ အတိုင်အတောမရှိ၊ အလုပ်နှင့် လူမှုရေး သီးခြားထားတတ်ခြင်း၊ အရက်သေစာသောက်စားမှု မရှိခြင်းပဲ ဖြစ်ပါတယ်။ အရက်သာ မသောက်တာ သူနေတဲ့ သူ့အင်းတည်ရာ အထက်သဖန်းထောင့်ရွာကနေ ကသာမြို့ပေါ်ရောက်တိုင်း စားသောက်ဆိုင်ကို တစ်ကြိမ် ရောက်ပါတယ်။ ရောက်ရတဲ့ အကြောင်းရင်းက ကျွန်တော့်ကို ဘီယာတိုက်ရင်း စားကြသောက်ကြရင်း ရေးတုံးက

အင်းလုပ်ငန်းများအကြောင်း စမြုံ့ပြန် ဇာတ်ကြောင်းပြန်ခြင်း ဖြစ်ပါတယ်။ *ကြယ်နီရေးတဲ့ ကိုတံငါ ဝတ္ထုတိုထဲက ကိုဒေါင်းစိန်* နှင့် ဒီလုံး အကြောင်းသဘော တရားပိုင်း စာတွေ့သာ သိထားတဲ့ ကျွန်တော်ဟာ ရွှေနဂါးဆိုတဲ့ ကသာဆိပ်ကမ်းဘေးက စားသောက် ဆိုင်လေးမှာ ဦးလေး သာလွှားရဲ့ လက်ချာတွေလိုက်ရင်း၊ သူ့လို လေ့တစ်စီး ပိုက်တစ်ဖုံနဲ့ ရေဝတီထဲရောက်လိုက်၊ ရွှေလီထဲရောက် လိုက်၊ ကောက်ကွေ့ ချောင်းထဲ၊ ဝေအင်း၊ ထီးတော်ရင်ဘတ် သက်အင်း ရောက်ရင်း စီးမျောနေရတာပေါ့ ကျွန်တော့် အဒေါ်၊ ဒေါ်ကြီး၊ ဘကြီး၊ ညီအစ်ကိုဝမ်းကွဲတွေဟာ တံငါသည်စစ်စစ်များ ဖြစ်ပေမယ့် အနေဝေးလေတော့ သူတို့ဆီက ပညာကျွန်တော် မရခဲ့ပါ။ ဦးလေးသာလွှားသာ အနီးကပ် ပို့ချခဲ့ခြင်းဖြစ်ပါတယ်။

တစ်နေ့တော့ ရွှေနဂါးမှာ စားသောက်ကြရင်း၊ ကျွန်တော် က ဦးလေးလွှား၊ မိန်းမတွေထဲ ဘယ်မိန်းမ အချစ်ဆုံးလည်း လို့ ခပ်ထွေထွေနဲ့ မေးတော့မပြောချင်ပါဘူးကွာလို့ . . . . လစ်ပိုအချိုရည်ပုလင်းကိုင်ထားတဲ့ ဦးလေးသာလွှားက ဖြေပါ တယ်။ ကျွန်တော် ခဏခဏမေးတော့မှ ပထမမိန်းမက ဘယ်လို၊ ဒုတိယမိန်းမက ဒီလို၊ တတိယ၊ စတုတ္ထ စသည်ဖြင့် သုံးသပ်ပြီးမှ နောက်ဆုံး ဆဌမမြောက်မိန်းမ အချစ်ဆုံးပဲကွ အသက်က အစိတ်လောက် ရှိတယ်။ ငယ်ငယ်နဲ့ ခုံးရုပ်တာပါကွာ၊ နှမျောလွန်း လို့ အသားက ဖွေးဖွေး၊ အရပ်က မြင့်မြင့်၊ ခြေတံ၊ လက်တံ

သွယ်သွယ် ရှေလီဒေါင့်ကြီးသူဆိုတော့ ရေဆေးငါးလို ဝင်းမွတ်ချောနေတာပေါ့၊ ပမာပြောရရင်ကွာ မင်းမိန်းမနဲ့ တော်တော်တူတာကွ၊ ကျွန်တော်သောက်လက်စ ဘီယာပင် လမ်းကြောင်းများ၍ သည်းယူရသည်။ ဆက်သောက်၍ မရတော့။

ထိုနေ့မှစ၍ နောင်တွင် ဦးသာလွှားခေါ်လည်း ရှေ့နင်္ဂါး ဘက်မလှည့်တော့ပါ။ လာခေါ်လည်း အကြောင်းအမျိုးမျိုးပြ ရှောင်နေပါတယ်။ သူက ရိုးရိုးသားသား အင်းသားကြီးစကား နှင့် တဲ့တိုးပြောပေမယ့် ကျွန်တော့်မှာ မှတ်ကရောဖြစ်သွားကာ အိမ်က မိန်းမကို တကြည့်ကြည့်နဲ့ နေရသည်။ ကံကောင်းလို့ဗျာ။

**သာလွှားလာရင် ငါးပါစေရမယ်**ဆိုတဲ့ စကားအစား၊ ***သာလွှား လာရင် ငါ့မယား*** ပါမသွားတာ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များ စောင်မကြလို့သာပါပဲ။ ***ပမာပြောရရင်ကွာ*** ဆိုတဲ့စကားကို ယနေ့အထိ နားထဲကြားယောင်နေဆဲပါ။ ဦးလေးသာလွှား ဆုံးပါးသွားသည်မှာ နှစ်အတန်ကြာသွားပြီ ဖြစ်ပါတယ်။ သူ့ လက်တွေ့အင်းလုပ်ငန်းများက ငါးလုပ်ငန်းဦးစီးဌာနတွင် တာဝန် ထမ်းဆောင်နေသော ကျွန်တော့်အတွက် ယခုအထိ များစွာ ထောက်ကူဖေးမမှု ပြုပါတယ်။

သို့သော် ကျွန်တော်ဦးသာလွှားထံမှ မရလိုက်သော ပညာရပ်တစ်ခု ကျန်ခဲ့ပါတယ်။ ၎င်းမှာ မိန်းမ (၆)ယောက် ရ

အောင် မိန်းမ ပိုးနည်း၊ (၆)ယောက်စလုံး ချမ်းသာအောင် ထားနည်း အချိန်၊ ငွေကြေး စီမံခန့်ခွဲနည်းစတဲ့ မိန်းမငိုကာ ပင် ဖြစ်ပါတော့ သတည်း။

(ဦးသာလွှား၏ ကျန်ရစ်ခဲ့သော သမီးကြီးများဖြစ်သည့် ဒေါ်အေးမြင့်၊ ဒေါ်အေးတင့်(ကသာ)တို့၏ ခွင့်ပြုချက်ရယူပြီး အမည်ရင်း၊ နေရပ်ဒေသအမှန်များကို ဖော်ပြ၍ လေးလွှား အား လွမ်းဆွတ်သောအားဖြင့် ဤစာစုကို ရေးသားပါသည်။)

○


ရွှေမှုန်လင်း
ကျွန်တော်နှင့်
ဟို..အကိုကြီး

# ကျွန်တော်နှင့် ဟိုအကိုကြီး

ကျွန်တော်သည် အထွေထွေ ရောင်းဝယ်ရေးလုပ်ငန်းဖြင့် လုပ်ကိုင်ကြီးပွားနေသော ပွဲစားကြီးတစ်ဦးကို နှစ်ပေါင်းများစွာ ကတည်းက တွေ့ဆုံရင်းနှီးခဲ့ဖူးသည်။ သူသည် ပြင်ပအလုပ်အကိုင်များတွင် ဝီရိယစိုက်ထုတ် ကြိုးစားလုပ်ကိုင် သဖြင့် အတန်အသင့် ချမ်းသာခြင်းနှင့် ပြည့်စုံလေသည်။ သို့သော် ပြည့်စုံကုံလုံဆိုသကဲ့သို့ အနှိုင်းမဲ့ချမ်းသာခြင်းမျိုး မဟုတ်ပေ။ ထို့အပြင် သန္တိသီတာ၊ သန္တိသုခကဲ့သို့ စိတ်၏ အေးမြခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ရုပ်ဝတ္ထုပစ္စည်း ကြွယ်ဝခြင်းကို ရောထွေးရောယှက် နားမလည်သည့်သူတစ်ဦး ဖြစ်ကြောင်း ဆင်ခြင်မိပါသည်။

မည်သို့ဆိုစေ၊ ထိုသို့သောပုဂ္ဂိုလ်နှင့် ကျွန်တော်သည် ညီအကို အရင်းတမျှ ရင်းနှီးခဲ့ဖူးသည်။ ဟိတ်ခြောက်ပါး အကြောင်းကောင်းစွာ ဝေဖန် ပိုင်းခြားနိုင်စွမ်း မရှိသဖြင့် လောဘ၊ ဒေါသ၊ မောဟ အပူမီးတော်လောင်ကျွမ်းနေသော အဆိုပါ ပုဂ္ဂိုလ်ကြီးသည် လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း ၎င်းနှင့် ဆက်ဆံရသူများကို များစွာ ကသိကအောက် ဖြစ်စေခဲ့သည်။

"ပိုက်ဆံတွေ ပိုနေတယ်။ ထားစရာ နေရာမရှိလို့ ··· ဗုဒ္ဓဂယာဘုရားဖူးခရီး ဇနီး၊ မယား၊ သမီး၊ သားတွေနဲ့ သွားလိုက်ဦးမယ် ··· မင်းဘာမှာဦးမလဲ" ဆိုတာမျိုး

"ပင်စင်ယူသွားတဲ့···မင်းရဲ့ဆရာ ···လိပ်စာတွေ ပေးစမ်းပါဦး ···ပစ်ထားတယ် မထင်ရအောင် ငွေလေး လေးငါးသောင်း သွားကန်တော့ရအောင်" စသည်ဖြင့် ····

စေတနာတော့ ကောင်းပါ၏။ နောက်ဆက်တွဲ စကားလုံးများက သူ မကျေးလျှင် ဆရာများ ငတ်သေတော့မယ့်ပုံ။ အလှူဒါန၊ ဘာသာရေး ကောင်းပါ၏။ သို့သော်··· (သာ) ပဲ ခေါ် လိုက်ရသေးသည်။ ( မဓ ) လိုက်ရ ···

"အပါယ်တံခါးပိတ်အောင် ဗုဒ္ဓဂယာဘုရားဖူးခရီး သွားလိုက်ဦးမယ် ငါ့ညီရေ··မင်း ဘာများမှာဦးမလဲ" ဆိုတာမျိုး

"အေး···မင်းဆရာတွေ လိပ်စာလဲ ပေးပါဦး··· ခများများလည်း ပင်စင်ယူသွားပြီးနောက် မတွေ့ရတာကြာပြီ ဂါရဝ

သွားပြုချင်လို့ ”

စသဖြင့် ဖြစ်သင့်သည်။ ခုတော့ နေရာတကာ ငွေနဲ့ ပိုက်ဆံ ပါအောင် အမြဲပြောတတ်သည်။

တစ်ခါကလည်း ကြုံကြိုက်သဖြင့် စကားကြုံ ပါးလိုက်သည်။ ကျွန်တော် နည်းပညာမြို့တော်ကြီးဆီ ခရီးထွက်စဉ်က ဖြစ်သည်။

“အေးကွာ . . . ခရီးသွားရင်း မြို့ပေါ်ရပ်ကွက် တစ်ခုခု၊ ဂေါက်ကွင်းနဲ့လည်း နီးရမယ်။ တစ်ထပ်တိုက် တစ်လုံး။ ဖုန်းတစ်လုံး အပါ (တစ်ရာ) လောက်နဲ့ရရင် ဖုန်းလှမ်း ဆက်လိုက်ကွာ အကိုကြီး . . . ဂေါက်ရိုက်ရင်း အနားယူရတာပေါ့ ”

ကျွန်တော်တော့ သိပြီးသားပါ။ သို့သော် အိမ်ခြံမြေ ပွဲစားများကို တာဝန်ကျေ မေးရပါသည်။ ထိုမြို့ကြီး၏ ဂေါက်ကွင်းသည် အချက်အခြာနေရာတွင် တည်ရှိသည်။ အထင်ကရ ကန်တော်ကြီးပတ်လမ်းနှင့် ဆက်စပ်တည်ရှိသဖြင့် (ထောင်ကြီးဂဏန်း) ပေါက်သည်။ ခွေမျိုးတမျှ ရင်းနှီးသည့် ပွဲစားများက

“အကို . . အဲဒီရပ်ကွက် နူးလမ်းကြားမှာ မီးကင်းသာသာ တဲနဲ့ တရုတ်ပိုင်ယာလက် ဖုန်းတစ်လုံးနဲ့တင် (တစ်ရာ) မလောက်ချင်ဘူး ” တဲ့ တော်တော် ခက်သည်။ ယခုထိလည်း ထိုဈေးနှင့် ရအောင် သူနည်း သူ့ဟန် ကြံစည်နေဆဲ ဖြစ်သည်။ ဆိုပါစို့ . . . သူ့အကြောင်း ဤမျှသာ . . .

ယခု ကျွန်တော်ဆက်လိုသည်မှာ...ငွေလောဘနှင့် ဒေါသကြီးသော သူ့အား အမြဲတမ်း ကျီစယ်ရင်း ပညာပေးတတ်သော ကျွန်တော်တို့အကြားမှ ရယ်မောစရာဖြစ်ရပ်အချို့ ဖြစ်သည်။

သည်လိုနှင့် ဗုဒ္ဓဂယာဘုရားဖူးခရီးမှ မိသားစု ပြန်ရောက်လာသည်။ ဂါယာပြန် လက်ဆောင်လာပေးသည်။ ဘုရားဖူး အတွေ့အကြုံနှင့် ရေးဟောင်းနှောင်းဖြစ် ပြောကြပြီးနောက် ကျွန်တော်လည်း ရုံးချိန်နီး၍ ရုံးတက်ရမည် ဖြစ်သဖြင့် သူ့ မိသားစုပါ ကျွန်တော့်ကားနှင့် တင်ခေါ်၍ ငှင်းတို့ မိသားစု တည်းခိုရာ ပို့စဉ်...

"ကားတွေကလဲကွာ၊ ဈေးကျသွားလိုက်တာ...ငါ့ Surf ဆို တစ်ရာ၊ တစ်ရာ့ငါးဆယ် နာပြီ ... အရင်က အသည်းအသန် လေလံဆွဲခဲ့ရတာ"

"ဒါကတော့ အကိုကြီးရာ...ကားဆိုတာ မယားနဲ့ အတူတူပဲဗျ။ မရခင်ကတော့ တန်ဖိုးကြီးပေးခဲ့ရတာ...နှစ်ကြာလာတော့ ကားဘော်ဒီကလည်း ရွဲ့ မော်ဒယ်ကလည်း အောက်ဆိုတော့ ဘယ်သူက ဈေးကောင်းပေးတော့မှာလည်း ဒီသဘောပဲလေ...ရုပ်ရှင်၊ ဗီဒီယိုဆိုလည်း ဝတ်မှုန်ရွှေရည်နဲ့ မိုးယုစံတို့သာ ဈေးကြီးပေးငါး ကြော်ငြာ ရုပ်ရှင်ရိုက်မှာ ဟိုတုန်းက ပြည်ထောင်စုမယ် ခင်သန်းနုနဲ့ တူလှချည်ရဲ့ဆိုတဲ့ အကိုကြီး မိန်းမကို ပွေးဆေး ကြော်ငြာ၊ စည်ပိုင်းကြော်ငြာတောင်

ခေါ် ရိုက်မှာ မဟုတ်ဘူး"

အကိုကြီးက မျက်ထောင့်နီ ဖြင့် ကြည့်သကဲ့သို့ အကိုကြီး မိန်းမ အစ်မကလည်း အံကြိတ် ကြည့်သည်။

"ဟော့ကောင် . . . စကားတတ်တိုင်း ပညာလာမပြနဲ့ ဒီတစ်ခါတော့ငါမခံဘူး . . . ဒါဆို မင်းမိန်းမကရော . . . ဘာ ကားနဲ့တူလဲ . . . ပြော"

"ဩော် . . . ကျွန်တော်က . . . စ ကတည်းက ထော် လာဂျီ ဝယ်စီးတဲ့ကောင်မှ မဟုတ်ဘဲ။ ပရာဒို ဝယ်စီးထားတာ ဗျ . . . ဘော်ဒီကလည်း မကျ။ ဆေးရောင်ကလည်း အော်၊ ဈေးကလည်း ဟင်းရွက်ကန်စွန်းရွက် ဈေးလိုပြုတ်မကျ၊ သန့်သန့်ခန့်ခန့် တောင့်တောင့်တင်းတင်း သူ့ဂုဏ်ဒြပ်နဲ့ သူ့ဈေးတန်း ကျန်သေးသဗျ"

"ဟော့ကောင် . . . တော် . . . ကားဆရာ . . . ရပ်"

ကားဆရာလည်း ရပ်ပေးလိုက်၏။

ကျွန်တော် နောက်လှည့်ကြည့်လိုက်တော့ . . . မိသားစုသုံးဦး ကားတံခါးဖွင့် ဆင်းပြီးလေပြီ။ သူ့ဒေါသသည် တည်းခိုရာနေအိမ်ကို လှမ်းမြင်ရတော့မှ ပိုကြီးလာသည် ထင်ရ၏။ နှုတ်မဆက်ဘဲ ထွက်ခွာသွားလေပြီ။

ကျွန်တော်သည် အကိုကြီး မိသားစု၏ ကျောပြင်ကို ကြည့်ရင်း ဟိုအကိုကြီးတော့ (၁၀၁) ကြိမ်မြောက် ဒေါကန်သွားလေပြီ . . . သို့ရာတွင် နောင် (၃) ရက်ခန့် အကြာ ငါးရံ့ခြောက် (၂)ကောင်ဆွဲ၍ ကျွန်တော့်ထံ ပြန်လာဦးမည်ဟု မြင်ယောင်ရင်း . . .

o



# ပိုက်ဆံများရှိလို့ ကတော့ ဗျာ

## အခန်း(၁)

### ကိုညာဏ်ထွန်းနှင့် ကက်ဆက်

ကိုညာဏ်ထွန်းသည် မြို့နယ်ကောင်စီရုံး၏ ရုံးစောင့် ဖြစ်သည်။ နေ့/ည စောင့်ရ သည်ဖြစ်၍ ရုံးထောင့် အစောင့် အိမ်ရာ အပိုင်စား ရထားသည်။ ရုံးအဝင်ဝတွင် ရုံးစောင့်အိမ် တည်ရှိသဖြင့် နယ်မြို့ကလေးများ၏ ထုံးစံအတိုင်း တစ်ခုတည်း သော မိန်းလမ်းမကြီးနှင့်လည်း နီးသည်။ ဈေးအနီးသို့ သွားရာ၊ သင်္ဘောဆိပ်သွားရာ အချက်အခြာကျသဖြင့် အိမ်ကို အနည်းငယ်ချဲ့၍ ဝန်ထမ်းသက်သာ လက်ဖက်ရည်ဆိုင်ဖွင့်ရင်း ကိုညာဏ်ထွန်း ဝင်ငွေဖြောင့်နေသည်။ ကိုညာဏ်ထွန်းဆိုင်သည် ဌာနပေါင်းစုံ ဦးစီးများ၊ အမှုထမ်းများ၊ ကွင်းဆင်းမည့် ဝန်ထမ်းများ၏ နံနက်ခင်း ဆုံရပ်။

ရုပ်မြင်သံကြားပေါ် ဦးစ ခေတ်တွင် အဆိုပါမြို့လေးသို့ ရုပ်/သံ မရောက်လာသေး။ ကက်ဆက် အားကိုးရသော ခေတ်ဖြစ်သဖြင့် ကိုညဏ်ထွန်းဆိုင်တွင် စိုင်းထီးဆိုင်၊ စိုးပိုင်၊ တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင် အစုံရှိသည်။

"ကိုညဏ်ထွန်း ကိုယ်လာရင် ဒီအခွေဖွင့်ပေး" ဟု အပ်ထားသည့် အငြိမ့်တိုင် အပ်ခွေများလည်းရှိသည်။ ညနေငါးနာရီ၊ ခြောက်နာရီခန့်တွင် ရီဝေဝေဆွေးနေတတ်သည့် အဆွေးသမား များအတွက် ဆွေးတမြေ့မြေ့ အခွေများလည်းရှိသည်။ ကိုယ်တိုင် ဝယ်ရသည် မရှိပါ။ ဌာနဆိုင်ရာများ မန္တလေးမြို့သို့ အစည်းအဝေး တက် သွားရောက်တိုင်း "ဆရာ ခထွက်တဲ့ မေဆွိ တစ်ခွေလောက်၊ မေခလာခွေ ၊ ကိုင်ဇာတစ်ခွေ၊ စိုင်းဆိုင်မောဝ် ကောင်းတယ် ဆရာ" ပါးစပ်သာ စိုက်ရသည်။ ငွေမလိုက်ရ။ လက်ဆောင်။ နောက်မှပေး စသည်ဖြင့် အလကားကို မတ်တင်းဖြင့်ပင်ရ၏။

ကိုညဏ်ထွန်းကလည်း နောကြေသည်။ စည်းရုံးရေး ကောင်းသည်။

"ငါ့ဆရာလာတယ်ဟေ့. . . ။

နေရာကောင်းပေး၊ ရေနွေးကြမ်းအိုးသစ်လဲ"

"ကလေးတွေ ငေးမနေနဲ့ ဆရာထိုင်မယ့်ခုံ ဖုန်သုတ်ပေး" စသည်ဖြင့် စားပွဲထိုးများကို အမိန့်ပေးရင်း ပဋိသန္ထာရ လုပ်တတ် သည်။ သူ့ဆိုင်တွင် ချိုစိမ့်၊ ချိုပေါ့၊ ဖန်ချို၊ ကျောက်ပန်းတောင်း

စသည့် လက်ဖက်ရည် အမျိုးအမည်မရှိပါ။

လက်ဖက်ရည် ချိုချိုအီအီ အမြဲသောက်တတ်သော လူရိုးကြီး စစ်ဆေးရေးအရာရှိ ဦးအောင်မင်းကို အစွဲပြု၍… ဦးစီးမင်း တစ်ခွက်…

ဖန်ခွက်မှ လွှဲ၍ ကျန်တာ အားမပေးသော လမ်းဗိုလ်လေး လူပျိုကြီး ကိုမျိုးကို အစွဲပြု၍… ဦးစီးမျိုး တစ်ခွက်…

လက်ဖက်ရည် ချိုလျှင် အားမပေးတတ်သော မြို့နယ် လူကြီး ဦးလှထွန်းကို အစွဲပြု၍… ဦးစီးထွန်း တစ်ခွက်…

ပန်ကြံ့ဟု ခေါ်သော လက်ဖက်ရည် ဖန်ခွက်တစ်ဝက် တွင် မလိုင်ထိပ်တင်ထားသည့် လက်ဖက်ရည်ကိုသာ သောက် တတ်သည့် ကျောင်းအုပ်ကြီးကို အစွဲပြု၍…ဆရာကြီး တစ်ခွက် ဟုသာ အမည်တွင်သည်။ ကိုဉာဏ်ထွန်းကလည်း စားပွဲထိုး များ၏ ဦးစီးမင်း/ ဦးစီးမျိုး အသံနားထောင်ရင်း လက်သားကျ ဖျော်တတ်သည်မှာ သောက်သုံးသူ ဆန္ဒနှင့် ကွက်တိ။

ပင်တိုင်ဖောက်သည်များဖြင့် စည်ကားနေသော ကိုဉာဏ်ထွန်းဆိုင်တွင် တစ်ရက် နာရီ (၂၀) တာဝန် ထမ်း ဆောင်နေရသူ ရှိပါသည်။ ကိုဉာဏ်ထွန်း၏ ကက်ဆက် ဖြစ်ပါ သည်။ နံနက် (၄)နာရီ ဘွဲ့ဆော သပ္ပုရိသအပေါင်း သူတော် ကောင်းတို့ဖြင့် စသည့် ရေဒီယိုအဆိုတော် ကိုထွန်းရွှေ ၏ "ကြေးစည်သံ လေးပေးကာ… ပေးကာ" ဖြင့် အစချီပြီး

နောက်နံနက် (၅)နာရီ ကုက္ကိုရွက်ကြွေများစု အမှိုက်မီးရှို့ပြီဆိုလျှင် "မီးဘေးရှောင်လို့ မလောင်ခင်တားကြပါ" လုပ်ပြီ ·· ·ကက်ဆက်ကို ဆောင်းဘောက်ကြီးများ ဖွင့်ကြွားတတ်ကြသည်မှာ ထိုစဉ်က နယ်မြို့ကလေးများ ထုံးစံသဖွယ်ဖြစ်နေ၍ ဘေးအိမ်များလည်း မနက် (၄) နာရီ နိုးထကြရလေပြီ။ မထလို့ကလည်းမဖြစ် "တရားနာပရိတ်သတ်ကြီးရေ···" နဲ့ အစချီ ကြာနီကန်ဆရာတော်၏ တရားခွေလာဦးမည်။ အိပ်ရတော့မည် မဟုတ်။

သည်လိုနှင့် နံနက် (၇) နာရီခန့်တွင် ဟသ်ာတထွန်းရင်၏ ကျေးဇူးရှင်ဖေဖေနဲ့မေမေ ပြီးနောက် ဟိုခွေ ဖွင့်ပေးပါဦး။ ဒီခွေ ဖွင့်ပေးပါဦးနှင့် သီချင်းအော်ဒါများဆက်တိုက် ကျတော့သည်။

"ရုံးတော်က နှစ်ကြိမ်မြောက်ဆင်းအလာ "
"ကျွန်မအသက် ဆယ့်သုံးနှစ်··· ခစ်···ခစ် "
"အနိုင်ဂိုးကို သွင်းသွားတာ··· ကိုကိုပါ "
"ဆယ့်ခြောက်နှစ်မ ···ဆယ့်ခြောက်နှစ်မ···
အို··· အို့···အို" စသည်ဖြင့်၊
ရုံးဆင်းပြီး ညနေ ငါးနာရီခွဲ ခြောက်နာရီဆို···လာပြီ။
"အလွမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်မည်···"
"ယောကျ်ားမှာလည်း အသည်းနဲ့ဆိုတာ···"

"မေ့အချစ်မြှားဆူး… ရှုးရပြီကောလေ …" နဲ့ဆွေးပြီ
သီချင်းလည်းဆွေး၊ လူလည်းဆွေး… ။

ည(၉)နာရီကျတော့ ပန်းနွယ်က စိမ်းလေပြီ။ တွံတေး သိန်းတန်းရဲ့ စကားပြောလိုက်၊ သီချင်းဆိုလိုက် အခွေပေါင်းစုံ၊ ည (၁၂) နာရီမှ အိပ်တန်းဝင်သည်။ တစ်နေ့လည်း မဟုတ် ။

× × × × ×

## အခန်း(၂)

## ဦးအောင်မင်းနှင့် ကြက်ကြောက်အိတ်

မည်သူက နာမည် စပေးသည် မသိပါ။ တစ်ပါတီစနစ်တွင် ထိုသို့ အိတ်ကိုင်ဝန်ထမ်းများ နယ်သို့ ကွင်းဆင်းရောက်လာလျှင် ဟင်းဖြစ်ရတော့မည့် အရေးကြီးသိသဖြင့် ကတော်…ကတော်နှင့် ဆောက်တည်ရာမရ ထွက်ပြေးနေကြသော အိမ်မွေးကြက်များကို အထူးပြုမှည့်ခေါ်ထားသည့် အရှည်တစ်တောင်၊ အနံတစ်ပေခန့်ရှိသည့် သားရေတု၊ မိုးကာဖျင်အိတ်များ။ ထိုစဉ်က နယ်ဝန်ထမ်းများ အကိုင်၊ အသုံးများသည်။

ထိုကြက်ကြောက်အိတ်ကို စစ်ဆေးရေးအရာရှိ လူရှိန်ကြီး ဦးအောင်မင်းက မချတန်း ကိုင်တတ်သည်။ ကိုညာဏ်ထွန်း ဆိုင်

ထိုင်လည်းပါသည်။ ၄င်းမှတစ်ဆင့် စျေးသွားတော့လည်း ထိုအိတ်နှင့်ပင် ဖြစ်သည်။

နယ်ထုံးစံအတိုင်း လမ်းလျှောက်စီတန်း လိုက်ပို့ရသော နာရေး (အသုဘပို့)တွင်လည်း ကြက်ကြောက်အိတ်နှင့် ဦးအောင်မင်းကို တွေ့ရသည်။

မင်္ဂလာအခမ်းအနားတွင် လည်းကောင်း၊ လွတ်လပ်ရေးနေ့ ပြည်ထောင်စုနေ့ အခမ်းအနားများတွင် လည်းကောင်း၊ သူကိုယ်တိုင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရသည့် နေ့ကြီး၊ ရက်ကြီးများ၏ ချောတိုင်တက်ပွဲ၊ ထုတ်ဆီးတိုးပွဲနှင့် လုယဉ် ကျေးမယ်ရွေးပွဲများတွင်လည်းကောင်း၊ ကြက်ကြောက်အိတ်နှင့် ဦးအောင်မင်းကို ပျော်တပြုံးပြုံးတွေ့ရသည်။

ရပ်ရေး ရွာရေးကူညီတတ်ခြင်း၊ စိတ်စေတနာ ကောင်းမွန်ခြင်းကြောင့် လူချစ်၊ လူခင်ပေါ်များလှသည့်အပြင် သူများတကာ စီးပွားရေး၊ ကြီးပွားရေး အကြောင်းပြောနေလျှင်···

"စံပြရပ်ကွက်ထိပ်က အမေညိုကြီး တယ်မမာဘူး ပြောတယ်၊ ကိုယ့်လူတို့ လူနာသွားမေးလိုက်ကြဦး" ဆိုတာမျိုး

ကိုဉာဏ်ထွန်းဆိုင်တွင် သစ်စျေးကွက်၊ ပဲစျေးကွက် အကြောင်း ပြောနေလျှင်···

"ကြက်သွန်ခင်း အင်းနတ်တင်ပွဲက ငါးကင်တော်တော် စားကောင်းဗျာ"ဟု လုပ်တတ်သဖြင့် လူရိုးကြီး ဘွဲ့ရသူ ဖြစ်သည်။

တစ်လက်စတည်း ပြောလိုက်ရဦးမယ်။ အင်းနတ်တင်ပွဲ သွားတော့လည်း ကြက်ကြောက်အိတ်နဲ့ပဲ···တဲ့။

အဲ့ဒီလို အခမ်းအနားနဲ့ ပွဲပေါင်းစုံကို ကြက်ကြောက်အိတ်နဲ့ နှစ်ပါးသွားတတ်တဲ့ ဦးအောင်မင်းရဲ့အကျင့်က တစ်ပတ်လည်းမပာတ်။

× × × × ×

## အခန်း(၃)

## ကိုမျိုးနှင့် မော်တော်ဆိုင်ကယ်

ထိုစဉ်က လမ်းပေါ် ဆိုင်ကယ်များများမရှိ။ ဌာနဆိုင်ရာ ဆိုင်ကယ် အနည်းငယ်သာရှိသည်။ မွေး/ကု၊ ငှက်ဖျား တိုက်ဖျက်ရေး စသည်ဖြင့် ဆိုင်ကယ် အချို့သာရှိသည်။ သစ်လုပ်ငန်းဖြင့် ကြီးပွားခဲ့သော ဒေသခံများ၏ BSA အင်းတိတ်များလည်း လမ်းမထွက်နိုင်သည်မှာ ကြာလေပြီ။

ထူးထူးခြားခြား ဆိုင်ကယ် လူသားတစ်ဦး ပေါ်လာလေပြီ၊ လမ်းဗိုလ်လေး ကိုမျိုး ဖြစ်၏။ ဌာနဆိုင်ရာ ဆိုင်ကယ်အသစ်စက်စက်နှင့် လူပျိုကြီး၊ နှုတ်ခမ်းမွှေးကြီးဟာ နာမည်ကြီးသည်။ အင်္ကျီလက်တိုကို အပေါ်နှစ်ခေါက် တင်ဝတ်တတ်သော ခေတ်တွင် လူပျိုကြီးက အားကစားလိုက်စားသဖြင့် ဖွံ့ထွားနေသော

လက်မောင်းသားပေါ်အောင် ပင့်တင်ရင်း ထိုခေတ်က ပေါ် ဦး၊ ပေါ်စ ၅၀၀၀ ကျပ်တန် ရေသာဘင် (Raybin) မျက်မှန် နှင့် ဝင့်လေပြီ။ ရှူးနှင့် ဘောင်းဘီ၊ မျက်မှန်နှင့် ဆိုင်ကယ် တစ်ဖောင်းဖောင်း။ မောင်းတင် ထွက်တတ်သည်။

ဆီမီးခွက်သာသာ နယ်မြို့ကလေးတွင် ဘယ်သွားသွား ဈေးရှေ့က ဖြတ်ရသည်။ သို့ဖြစ်၍ ကိုမျိုး၏ ဆိုင်ကယ်သံသည် ဈေးတဝိုက် ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေတတ်၏။ တစ်ယောက်ယောက်က မြို့အရာရှိ ကိုမျိုး တွေ့မိလား မေးလျှင် ကိုဉာဏ်ထွန်းက ခဏစောင့် ပြော၍ ဆိုင်ကယ်သံ နားစွင့်ပြီး။

"ဦးသူတော် အိမ်ရှေ့မှာ"

"ရိပ်သာရှေ့မှာ"

"ဈေးရှေ့မှာ" စသည်ဖြင့် ဒက်ထိပြောတတ်သည်။

သမီးအပျိုကညာ (၃) ဦး ရှိသည့် ဘုရားလူကြီး သူဌေးကြီး ဦးသူတော် အိမ်ရှေ့ရောက်လျှင် လူပျိုကြီးကိုမျိုးက ဆိုင်ကယ် လီဗာကို အသားကုန် နင်း၍ ဖြူးဖြူးဖြဲဖြဲလုပ်ကာ ဟန်ရေးပြတတ်ပြီး ရိပ်သာရှေ့တွင် ဥဒ္ဒည့်လူကြီးများ တည်းခိုတတ်သည် ဖြစ်၍ စက်သံ ညက်ညက်နှင့်သာ ဖြတ်သွားလေ့ရှိသည်။ ဈေးအရှေ့တွင်မူ အနယ်နယ် အရပ်ရပ် မှ မဒီကညာချောများ စုံလှသည်ဖြစ်၍ ဆိုက်ကား၊ မြင်းလှည်း ရှောင်သယောင်ဖြင့် သူ့ကို အာရုံစိုက်၊ ဂရုပြုစေရန် ဆိုင်ကယ်ကို ဟွန်းသံ တ

တီတီ တီးတတ်ခြင်းကြောင့် ကိုမျိုးရောက်ရာနေရာကို အလွတ် ရနေခြင်း ဖြစ်ပါသည်။

ထိုသို့ ဖြူးဖြူ၊ ဂူဂူ၊ တီတီ ပြုတတ်သည့် လူပျိုကြီး ကိုမျိုး၏ ဆိုင်ကယ်သံသည် တစ်လလည်းမဟုတ်။

× × × × ×

## အခန်း(၄)

## ဦးလုထွန်းနှင့် ဟမ်းဖုန်း

အမှန်က ထိုခေတ်တွင် ဟမ်းဖုန်းမပေါ်သေးပါ။ သို့သော် လက်လှည့်ဖုန်းများတွင် တရုတ်မှလာသော အထိုင်စက်တပ် တိုင်ထောင်၍ ရေဒီယာတိုင် ဆွဲထုတ်ပြောရသည့် ဟမ်းဖုန်းများ ကို ဆိုလိုသည်။ နယ်များတွင် ဆက်သွယ်ရေးခက်သဖြင့် ၎င်းကို အသုံးများသည်။ (နောင်တွင် ဆက်သွယ်ရေးဌာနမှ တရားမဝင်ဟု ပိတ်သိမ်းသည်) မသိမ်းမီက ဖြစ်ပါသည်။ ဦးလုထွန်းသည် မြို့နယ်လူကြီးတစ်ဦး ဖြစ်ပါသည်။ ရပ်ရေး ရွာရေးကိစ္စများသဖြင့် အဆိုပါ ဟမ်းဖုန်းကို မချတမ်း ကိုင်ထားတတ်သည်။

နံနက်ခင်း လူစည်သည့် ကိုဉာဏ်ထွန်း လက်ဖက် ရည်ဆိုင်တွင် သူ့အသံပြကြီးဖြင့် "ဟော . . .ဘုရားပွဲ ဂလုန်း၊ ဂလုန်း ပါတာ သေချာလား။ ဆိုင်ရာနဲ့ ညနေ ငါ လာမယ်"

"ရေလုပ်ငန်းရုံးရှေ့ ငါးရစ်ရာသီ ငါးရမယ် အော်ရောင်းတဲ့ ငါးစိမ်းသည်မ နှစ်ယောက်ကို ရေချိုဥပဒေနဲ့ဆွဲ"

စကားဝိုင်းဖွဲ့ ပြောကောင်းပြီဆို ဖျတ်ကနဲ ဧရိယာတိုင် ထုတ် စတိုင်လုပ်ပြီး

"ငါပြောမယ် . . . နားထောင် . . . မြတောင်ဘက် ကမ်းထိ ဇက်နဲ့သွားကြို ဟုတ်ပြီလား"

"အေး . . . လား . . . အိမ်မှာ ဘာထူးလဲ။ သမီး ပြန်လာပြီလား။ ဟော . . ရေမော်တာပျက်သွားတာ . . . ဟာ ကိုယ့်ကို စောင့်မနေနဲ့လေ ကုလားဆီပို့လိုက် . . . ဒါပဲ"

စသည်ဖြင့် ဘာသာ၊ သာသနာ၊ လူမှု၊ စီးပွား။ အိမ်တွင်း ရေးရာများကို လူစည်ကားရာတွင် ဟမ်းဖုန်းဖြင့် အလုပ် ရှုပ်တတ်သည်မှာ တစ်နှစ်လည်း မဟုတ်။

× × × × ×

# အခန်း(၅)

## ပိုက်ဆံများရှိလို့ကတော့ ··· ဗျာ

အထက်ပါ ပုဂ္ဂိုလ်(၄) ဦး၏ အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ပြောပြသည်မှာ ကျွန်ုပ်၏ မြို့ချစ်မိတ်ဆွေ ဆိုသူဖြစ်ပါသည်။ သူသည် ထိုပုဂ္ဂိုလ် (၄)ဦး စလုံးနှင့် ကျွမ်းဝင်ရင်းနှီး၏။ ညီအစ်ကို အရင်းတမျှဖြစ်၏။

"ဒါနဲ့ ··· ခင်ဗျားပြောတဲ့စကားထဲပါတယ် ··· ပိုက်ဆံများ ရှိလို့ကတော့ဗျာ ··· ဆိုတာ"

"အေး ··· ဟုတ်တယ်ဗျ ··· ပိုက်ဆံများရှိလို့ကတော့ဗျာ ကိုညာဏ်ထွန်းရဲ့ ကက်ဆက်ရယ် ···ဦးအောင်မင်းရဲ့ ကြွက်ကြောက် အိတ်ရယ်··· ကိုမျိုးရဲ့ ဆိုင်ကယ်ရယ်···ဦးလှထွန်းရဲ့ ဟမ်းဖုန်းရယ်··ဈေးမဆစ်ပဲ ဝယ်မှာ။ အခမ်းအနားကျင်းပ။ လူတွေ ညှော်ခံကျွေးမွေးပြီး အဲ့ဒီ ပစ္စည်းလေးခု တစ်စုတည်း ထုတ်ပိုးလို့ ဧရာဝတီမြစ်ထဲကို ကန်ချ၊ မျှောချလိုက်ချင်တာဗျာ···

တစ်ရက်လည်း မဟုတ်၊ တစ်လလည်း မဟုတ်"

× × × × ×

## အခန်း(၆)

ထိုသူ ပိုက်ဆံရှိသွားသလားလည်း မကြားတော့ပါ။ ထိုပုဂ္ဂိုလ် (၄)ယောက်လည်း ထိုမြို့တွင် မရှိတော့ပါ။ သို့သော် ထိုမြို့က မြို့သူ၊ မြို့သားများ တစ်ခုခု လိုနေသလို လစ်ဟာ ခံစား နေရမည်မှာ အမှန်ပင် ဖြစ်ပါတော့သတည်း။

○


ကျွန်တော် နှင့်...

# ကျွန်တော်နှင့် ဘလက်ကီ အဘိဓ္ဓာ

၁၉၉၄ ခုနှစ်၊ ကျွန်တော် ကသာခရိုင်ရုံးကနေ စစ်ကိုင်းတိုင်းပြောင်းရတော့ သူ့ကို စတွေ့တာပါ။ မည်းကြုတ်ကြုတ် သွားခေါ်ခေါ်နဲ့မို့ နည်းနည်းမှ စိတ်မဝင်စားမိ။ မည်းရတဲ့အထဲ ပိန်ပြီး ကလန်ကလားနဲ့ ဥပမိက လုံးဝမရှိ။ မည်းသမှ တစ်ကိုယ်လုံး မည်းသည်။ ဒီကောင်က ၁·၆၅ ကေ ကျယ်တဲ့ ခြံဝန်းကို စောင့်တဲ့ အစောင့်။

ကျွန်တော်တို့ လူသစ်တွေ၊ မိသားစုတွေကို သူကလည်း ကြည့်ဖြူပုံ မပေါ် ခပ်တည်တည်ပါပဲ။ ခက်တာက ကျွန်တော့မှာလည်း အမွေးဖွားဖွား၊ ဆွတ်ဆွတ်ဖြူ တယ်ရီယာ တစ်ကောင်နှင့် အညိုရောင် တယ်ရီယာ တစ်ကောင်ပါလာသည်။ ဒီကောင့်

ကို ကျွန်တော် လက်မခံချင်၊ ခွေးက ခွေးဥပဓိလုံးဝမရှိ။ သို့သော် ကျွန်တော့်ဆရာရုံးမှာ ထားခဲ့၍ လက်မခံချင်သော်လည်း ဥပေက္ခာနှင့် ထားလိုက်သည်။ သဒ္ဒါကြည်ဖြူ၍ မဟုတ်။

ရုံးနှင့်ကပ်လျက် ရိပ်သာတွင် နေထိုင်သူပီပီ ညနေတိုင်း ရုံးရှေ့ကော်ရစ်ဒါတွင် ပက်လက်ကုလားထိုင်ချ၊ စာဖတ်ရင်း စစ်ကိုင်းတောင်ပေါ်မှ ဆွမ်းဦးပုညရှင်စေတီကို တိုက်ရိုက် ဖူးရသည့် အရသာသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် အတွက် ယနေ့အထိ ကြည်ညိုဘွယ်ရာ၊ မမေ့နိုင်စရာ။ သို့သော်··· ထိုသို့သော်သည် ယခု ကျွန်တော်စာတစ်ပုဒ် ရေးဖွဲ့ရလောက်သည်အထိ ဖြစ်ခဲ့မည်မှန်း ထိုစဉ်က စိုးစဉ်းမျှ သတိမထားမိခဲ့။

ထိုသို့ ခရီးထွက်ချိန်မှလွဲ၍ ညနေတိုင်း ရုံးရှေ့ ထိုင်တတ်ခြင်းကြောင့် မည်းကြုတ်ကြုတ်၊ သွားခေါ်ခေါ် ကာလန်ကလား (ဘလက်ကီ) ခေါ် ခွေးတစ်ကောင်အကြောင်း ကျွန်တော် နီးစွာရှုသိခဲ့ရပေသည်။ သူသည် စည်းရုံးရေးတော့ ကောင်းသည်။ ကျွန်တော့် တယ်ရီယာလေးတွေ ပန်ပန်နှင့် ရူပါကို လပိုင်းအတွင်း မိတ်ဖွဲ့ ပေါင်းသင်းနိုင်သည်။ ပေါင်းသင်းနိုင်ရုံမက သူတို့အပေါ် လွှမ်းမိုးထားနိုင်သည်။ နေရာတကာ Leader လုပ်လာသည်။ တစ်နေ့ ···

တစ်နေ့ ရုံးရှေ့သို့ မြို့နယ်လူကြီးအိမ်မှ ခွေး (၄) ကောင် ဖြတ်လျှောက်လာသည်။ ထွားလိုက်သည့် ခွေးတွေ။ ဒေါ်င် ကောင်း

ကောင်း၊ မှင်နှင့် မောင်းနှင့် ရင်အုပ်ကို ဖွင့်လျှောက်လာကြသည်။ နားရွက် တစွင့်စွင့်၊ အမြီး တထောင်ထောင်နှင့် ရဲဝံ့စွန့်စားမှု အသွင်အပြည့်။ သူ့ရှေ့ရီယာရှေ့ ဖြတ်လျှောက်လာတော့ ခွေးတို့၏ ထုံးစံအတိုင်း "ဝေါင်း"ဟု အောင်မြင်ခန့်ညားသော အသံပြု၍ မယ်ဇလီပင်ရိပ် ခွေအိပ်နေသော ဘလက်ကီ ထ လိုက်သည်။ (ဒီကောင်က ရှားရှားပါးပါး တစ်ခု ချီးကျူးစရာကား ခွေးပဓိသာ မရှိတာ အသံကား အလွန်အောင်သည်။) ဘလက်ကီ ထိုးပေါင် ထလိုက်ကတည်းက ပန်ပန်နှင့် စူပါကလည်း တဟုန်ထိုး ပြေးဝင် တိုက်ခိုက်တော့တာပါပဲ။ ကြည့်လေ … ဘလက်ကီရဲ့ ဗျူဟာ ပေတရာလမ်းမပေါ် အရောက် ရင်အုပ်ကားကား ခွေးတွေလည်း အတွေ့ သူ့ခြေထောက်လေးချောင်းမှာ ဆာဗိုဘရိတ် တပ်ထား သလား အောက်မေ့ရရဲ့။ "ကျွိကနဲ"ဘရိတ်ဖမ်းလိုက်တာ ယှဉ်ပြေးနေတဲ့ ပန်ပန်နဲ့စူပါ တရှိန်ထိုး ဝင်တိုက်ခိုက်လို့ ဗလချင်း မမှု ခံရလေပြီ။ ဒီကောင်က ယောင်တောင်တောင် ခြေထောက်ပဲ မျက်သလိုလိုနဲ့ ကျွန်တော့် တယ်ရီယာလေးတွေသာ လိမ့်နေအောင် ခံရတာ။

တစ်ခါတော့လည်း‥‥

ရုံးရှေ့လမ်းမပေါ် (၁၀)ရက်လောက် အစာရေစာ စားထားရပုံ မပေါ်တဲ့ ခွေးပိန်လေးတစ်ကောင် ဖြတ်အလာ အောင်မြင်ခန့်ညားတဲ့ "ဝေါင်း" ဆိုတဲ့ အသံနဲ့အတူ ဘလက်ကီ

ထလိုက်ပါလေရော။ ဘယ်ညာခြေလက် အုပ်စုံမိုး မတောက် တခေါက် ခွေးသိုင်း၊ ခွေးဂျူဒို ပညာနဲ့ တိုက်ခိုက်အပြီး နဂိုက တည်းက ပြုံလဲချင်နေတဲ့ ခွေးပိန်လေးအပေါ် စုံခွထားကာ ရုံးဘက် (ကျွန်တော်ရှိတဲ့ဘက် မျက်နှာမူလို့) "တွေ့လား၊ ငါကွ ... အဲ့ဒါ" ဆိုတဲ့ အိုက်တင်အပြည့်နဲ့ သွားခေါခေါ မည်း နက်နက် သတ္တဝါရဲ့ မျက်နှာပေး...ဟွန်း...

ထ ရိုက်ချင်လိုက်တာ...

စနေရုံးပိတ်ရက် တစ်နေ့တွင်....

ကျွန်တော် ရုံးရှေ့ ပက်လက်ကုလားထိုင်၊ ထိုင် စာဖတ် နေစဉ် နေ့လည် (၂) နာရီခန့် လေပွေနည်းနည်း နှော့လာ ၏။ ခြံဝန်းအစပ်တွင် ဘလက်ကီခွေနေသည်။ ထိုစဉ် လေပွေနှင့် အတူ ကြွပ်ကြွပ်အိတ် တစ်လုံး လေနှင့်ဖောင်း၍ ဘောလုံးသဏ္ဌာန် လိမ့်ရင်း ဘလက်ကီဘေးမှ သာသာလေး လိမ့်သွားသည်ကို တွေ့ရသည်။ ဘလက်ကီသည် အလွန်အမင်း လန့်သွားဟန် ဖြင့် ဦးတည်ရာမဲ့ တဟုန်ထိုးဖြင့် "တကိန်ကိန်" အော်ကာ ပြေးသွားသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း အူကြောင် ကြောင်နှင့် လှည့်ကြည့်စဉ်းစားမိပြီး အူလှိုက်သည်းလှိုက်ရယ် လိုက်မိ ပေသည်။ သိပ်သတ္တိ ရှိတဲ့ကောင်။

တစ်ရက်တွင်လည်း ....

ကျွန်တော်တို့ထံ ဗီအိုင်ပီ ခရီးစဉ်တစ်ခုလာမည်ဖြစ်၍ ဝန်ထမ်းအားလုံး ည (၂) နာရီထိ အလုပ်လုပ်၍ ညအိပ်ရာဝင်ကြသည်။ မနက် (၄) နာရီခန့် ဝန်ထမ်းသက်သာ ကြက်ခြံဘက်မှ အသံကြားရ၍ သွားကြည့်ရာလားလား … ကျွန်တော်မွေးထားသော ကြက်အကောင် (၂၀၀) မြေပြင်ထက် တုံးလုံးပက်လက်။ (၄)ကောင်သာ တန်းပေါ်တွင် ရှင်သန်လျက် တွေ့ရသည်။ ရုတ်ကနဲ တွေ့လိုက်ရသည်ကား ထိုလူကြီးအိမ်မှ ရင်အုပ်ထွားထွား သကောင့်သားများ။ အနီသကောင့်သားတို့သည် ခြံအကာအရံကို ဗီယက်ကောင်းများ နည်းတူ မြေတူး၍ အတွင်းဝင်ရောက်ကာ ကျွန်တော့် မီးလွှတ်ကြက်များကို ထင်တိုင်းကြဲ ကိုက်ချ စံနစ်သုံးခဲ့ကြလေပြီ။

ပန်ပန်နှင့်ရူပါက ည ကျွန်တော်တို့ အလုပ်လုပ်ချိန်တွင် ကျွန်တော်တို့နား ခွေနေသဖြင့် ကျွန်တော်တို့နှီးမှ ကျွန်တော်တို့နှင့်အတူ ပါလာ၏။ ဘလက်ကီ တစ်ကောင် ဘယ်ပျောက်နေလဲ။ တွေ့ပါပြီ တလှုပ်လှုပ် လှုပ်ခါနေသော ခြုံပုတ်အောက် မည်းကြုတ်ကြုတ် သတ္တဝါ ၊ သစ်ကြုတ်တစ်ကောင် မဟုတ်ပါ။ သွားခေါ်ခေါ် ဘလက်ကီ။ ကြက်တစ်ကောင်လုံး အသုံးချနည်းဖြင့် သခင့်ကြက်ကို ကောင်းကောင်းကြီး စားတော်တည်နေ၏။ ကျွန်တော် စိတ်တော်တော်တိုသွားသည်။ လက်ထဲရှိ ဝါးဆစ်ပိုင်းဖြင့် အနီးကပ် ပစ်ထည့်လိုက်သည်။ ဝါးဆစ်အားက မြေကြီးထဲက ဆွဲနုတ်

ယူရသည်အထိ။ ဘလက်ကီ ဘေးမသီ ရန်မခပါ။ ဟိုခွေးကောင်တွေကိုလည်း ဝန်ထမ်းများက နီးရာတုတ်၊ ခဲအသီးသီးနှင့် လိုက်ပစ်ကြ၏။ အမောသာ အဖတ်တင်သည်။

နောက်တစ်နေ့····

ကျွန်တော်တို့ စီးပွားပျက်အောင် ဝန်ထမ်း မသက်မသာဖြစ်အောင်လုပ်ခဲ့သည့် ခွေးတွေကို ဝန်ထမ်းများက အမဲသားနှင့် ပိုတက် ရောၡ အစာထောင်ကျွေး၏။ ကျွန်တော့မျက်စိထဲ မည်းကြုတ်ကြုတ်ကောင်ကို အမြင်ကပ်သော်လည်း အမြုပ်တဖွားဖွားမြင်နေ၍ မစားမိစေရန်ကြိုးချည်၍ထား၏။ ပန်ပန်နှင့် စူပါကိုလှောင်အိမ်ထဲ ထည့်ထားလိုက်သည်။ ခွေး(၄)ကောင် အမဲသားစားမိသည်။ ပြေးကုန်ကြပြီ။ ဘလက်ကီချီထားသော တိုင်ကိုကြည့်လိုက်သောအခါ လည်ပတ်ကြိုးသာ တွေ့ရ၏။ သကောင့်သားမတွေ့ရ။ ခဏနေ ရုံးတဘက်ခြမ်းမှ ဘလက်ကီ ဒယိမ်းဒယိုင်ဖြင့်ထွက်လာသည်ကို တွေ့ရ၏။ ခြေလှမ်းများ ရှေ့ခြေ နောက်ခြေဘယ်ခြေ ညာခြေ ထပ်နေ၏။ မူ မမှန်တော့။ တစ်သက်နှင့်တစ်ကိုယ် မဖြစ်ပေါ်ခဲ့သောစိတ်ဖြင့် ကျွန်တော် သူ့အပေါ် သနားသွားသည်။ ကြက်ခိုးစားတာက တစ်ကဏ္ဍ။ သနားတာက တပိုင်း။ သူ ရေကို အငမ်းမရ သောက်၏။ ထို့နောက် ရုံးအပြင် ယိုင်ခွေခွေထွက်သွားလေသည်။

နောက်····ထိုနေ့

ကျွန်တော်ရုံးကိစ္စနှင့် မုံရွာခရီးထွက်ခဲ့ရသော်လည်း သာခွေယိုင် ဖြစ်နေသော ဘလက်ကီကို မမေ့။ ခွေး ဆိုတဲ့ သတ္တဝါ သင့်၏ ၊ မသင့်၏ စဉ်းစားဆင်ခြင်ဉာဏ်မရှိ။ နားမလည်လို့ ခွေးဖြစ်နေတာ။ လူလိုတော့ ဘယ်သိမလဲ၊ မင်းဆိုတဲ့ ကောင်က ခွေးထက် မိုက်တဲ့ကောင်···ကိုယ်တိုင် အခဆိပ်ကျွေးတာ မဟုတ်ပေမယ့် ဘာကြောင့် မတားခဲ့သလဲ၊ ခတော့ ပါဏာတိပါတာ ကံ ထိုက်ပြီ။ အမြုပ်တဖွားဖွားနှင့် ဘလက်ကီကိုသာ မျက်စိထဲမြင် ဆန့်ငင်ဆန့်ငင် အကြောဆွဲနေပုံကိုသာ ပုံရိပ်ထင်နေ၏။ စိတ်ထဲမရှင်လန်း ···

ထိုနေ့ ···

ည (၉) နာရီလောက် ရုံးပြန်ရောက်သည်။ အတန်ငယ်မှောင်နေသော ရုံးပေါက်ဝတွင် ပန်ပန်နှင့် စူပါတို့ ခရီး ဦးကြိုပြုကြ၏။

၎င်းတို့ နောက်တွင်···

မည်းကျုတ်ကျုတ်၊ သွားခေါ်ခေါ် အမြီးတလှုပ်လှုပ်နှင့် ပုံရိပ်မဟုတ်ပါ။ ဝိညာဉ် မဟုတ်ပါ။ ဝေါင်းခနဲ အသံပြု ကြိုဆိုသမှုပြုသည်မှာ ··· အဲ့ဒီသတ္တဝါ ဘလက်ကီပါ။

၀



# ညှိုးငယ်နေသော မျက်ဝန်းတစ်စုံ

ကျွန်တော်ထိုစဉ်က ဆေးလိပ်သောက်တတ်၏။ နံနက်စောစော လေးနာရီခွဲခန့် ခံတွင်းချဉ်လာသဖြင့် စီးကရက်သောက်ရန် စကားဝိုင်းမှထ၍ အခန်းအပြင်ထွက်လိုက်သည်။ ဂက်စ်မီးခြစ်ဖြင့် မီးညှိပြီး တစ်ဖွာနှစ်ဖွာရှိုက်လိုက်စဉ်မှာပင် ညှိုးငယ်သော မျက်ဝန်းတစ်စုံကို စတင်တွေ့ရှိ လိုက်ရသည်။ တည်ငြိမ်သောအသွင်ဖြင့် ပါးစပ်တလှုပ်လှုပ်ကြိတ်ဝါးနေ၏။ ဆေးလိပ်မီးခိုးကြားမှာ ခပ်ဝါးဝါးတွေ့မြင်ရသည်မှာ ခရမ်းရောင်တံဆိပ် လက္ခဏာ…

ကျွန်တော် ရောက်ရှိနေသောနေရာမှာ မန္တလေး စိန်ပန်းရပ် သားသတ်ရုံ နေရာဖြစ်သည်။ မဟာသိပ္ပံတန်း တက်နေသော ကျွန်တော့်သူငယ်ချင်းသရုပ်ပြဆရာမက ရှာရှာဖွေဖွေ စားမြုံ့ပြန်သတ္တဝါများ၏ အစာအိမ်တွင် တွယ်ကပ်နေသော ကပ်ပါးပိုးကောင်များအကြောင်း စာတမ်းတင်ရမည် ဖြစ်သဖြင့် သူတို့ မိန်းကလေးသူငယ်ချင်း (၅) ဦးနှင့်အတူ ယောက်ျားလေး အဖော်အဖြစ်လိုက်ပါရင်း ၁၉၈၈ ခုနှစ်၊ မန္တလေးရဲ့ အေးမြမြ ဆောင်းကာလ နံနက်ခင်းတွင် သားသတ်ရုံဝင်းအတွင်း ရောက်ရှိ နေခြင်းဖြစ်ပါသည်။

၎င်းတို့လုပ်ငန်း မစတင်မီ သားသတ်ရုံ၏ ကျန်းမာရေး စစ်ဆေးသည့် တာဝန်ခံ မန္တလေးမြို့တော် စည်ပင်သာယာရေး အဖွဲ့မှ ဒေါက်တာမောင်မောင်အုန်း ရုံးခန်းတွင် စကားလက်ဆုံ ကျစဉ် တွေ့မြင်လိုက်ရသည့် မြင်ကွင်းပင် ဖြစ်ပါသည်။

ခရမ်းရောင်တံဆိပ်လက္ခဏာ အနီးကပ်ကြည့်တော့ ဒေါက်တာမောင်မောင်အုန်း၏ လက်ချက်ဖြစ်နေသည်။ ကျန်းမာကြောင်း ထောက်ခံချက်၊ သဘောကတော့ ခင်ဗျားတို့ ကျန်းမာဖို့ အစာဝဖို့ ကျွန်တော့်အသားကို စားပါ။ ကျွန်တော် ကျန်းမာကြောင်း၊ ခင်ဗျားတို့ ဘေးဥပါဒ် မဖြစ်စေကြောင်း ကျွန်တော် တာဝန်ယူပါသည်ဟု နွားကလေးက ကိုယ်တိုင်ကြေ ငြာထားသကဲ့သို့ပင်။ သို့သော် ထိုစဉ်က ထိုသို့ အတွေးနက်နက်

မစဉ်းစားမိခဲ့။

ထိုစဉ်က လူငယ်များပီပီ ကျွန်တော်တို့ သူငယ်ချင်း တစ်သိုက်သည် အချိန်မကျ၍ မဖွင့်သေးသော သားသတ်ရုံ ရှေ့တွင် စာအကြောင်း၊ ပေအကြောင်း၊ လူမှုရေးအကြောင်း အာပေါင် အာရင်း သန်သန် ပြောကြရင်း တက်ကြွစွာဆွေးနွေးနေ၏။

အချိန်တန်၍ တံခါးဖွင့်လျှင်ဖွင့်ခြင်း သားသတ် အလုပ် သမားများနှင့်အတူ သားသတ်ရုံအတွင်း ဝင်ရောက်သောအခါ ညှီစို့စို့သွေးနံ့တို့က နှစ်နှစ်ကာကာကြိုဆိုကြ၏။ သားသတ် အလုပ်သမားတို့ လုပ်ငန်းခွင်အတွက် ပြင်ဆင်နေစဉ် ကျွန်တော်တို့ ကလည်း ကပ်ပါးကောင်များကောက်ယူရန် ဆန္ဒစောစွာ သားသတ်ကွင်းကို စေ့ငုသေချာ လေ့လာမိ၏။ သားသတ်ရုံအတွင်း ကွန်ကရစ်အခင်း၏ ဘေးပတ်လည်တွင် တစ်ထွာခန့်အကျယ် ပတ်မြောင်းများတွေ့ရ၏။ ကွန်ကရစ်အခင်း၏အလယ်တွင် ငါးမူးလုံးခန့် သံချောင်းများ ထုတ်ချင်းပေါက် ထိုးထားသော R.C ကျောက်တိုင်လုံးများ တွေ့ရသည်။ အခင်းသည် မြောင်းဘက်သို့ အနည်းငယ်ပြေလျော့နေ၏။ တပြိုင်တည်း နွား(၁၂)ကောင်ခန့် အမဲဖျက်နိုင်သော အခိုပါပုံစံ ၁၂စုံ ကို အစီအရီတွေ့ရသည်။

သားသတ်မြင်ကွင်းကို စိတ်ဝင်စားနေစဉ် မိမိနောက် ကျောဘက်မှ တရှူးရှူးနှင့် နှာမှုတ်သံကြားရသဖြင့် လှည့်ကြည့်မိ ရာ ကျွန်တော်ရင်းနှီးသော ညှိုးငယ်နေသည့် မျက်ဝန်းတစ်စုံကို

တွေ့ရသည်။ စီးကရက်ဖွာစဉ် တွေ့ရသည့် မျက်ဝန်းလေးပင်။

မကြာလိုက်ပါချေ ၎င်းတို့၏ ဘိုးစဉ်ဘောင်ဆက် သွေးညှိနှိုင်းကို သူလည်း အနံ့ခံမိပြီ ထင်ပါသည်။ ငြိမ်းငယ်မျက်ဝန်း အစုံသည် ပြူးကျယ်လာ၍ နှာတရှုံ့ရှုံ့ မှုတ်သံပြင်းထန်လာ၏။ သတ္တဝါလည်း သဘာဝအသိရှိမည် ထင်ပါသည်။ ခွာတရပ်ရပ်ဖြင့် ရှေ့ခြေစုံကန် ငြင်းသည်။ ရှေ့မှဆွဲခေါ်လာ သူနှင့်အပြိုင် ဆန့်ကျင်ဘက် စုန်ကန်ထားသည်ကို တွေ့ရသည်။ ရှေ့ကြိုးဆွဲ လူ၏ အားသာချက်မှာ ၎င်း၏နှာနကို လျှိုသွင်းထားသည့် နဖားကြိုးကို အားစိုက်ဆွဲထားခြင်းပင်ဖြစ်၏။ ပြူးကျယ်နေသော မျက်ဝန်းအစုံမှ မျက်ရည်တွေတွေကျနေသည်ကို အနီးကပ် တွေ့လိုက်ရသဖြင့် ကျွန်တော်တို့အဖွဲ့ ကြက်သေ သေစွာ ငေးနေမိသည်။ သားသတ်ရုံအတွင်း ကျန်အဆိုင်း အဖွဲ့များ မှု ကား နိစ္စဓူဝ လုပ်ရိုးလုပ်စဉ် ဖြစ်သဖြင့် စကားပြောသံ၊ အော်ဟစ် အမိန့်ပေးသံများဖြင့် ဆူညံနေလေသည်။

လူနှင့် နွား အပြိုင်ရုန်းကြသည့်ပွဲတွင် ရှုံးမည့်ဘက်ကို သိလျှက်နှင့် နိုင်မည့်လက်နက် နဖားကြိုးပြတ်ပြီး နွားကလေး နိုင်ပါစေဟု ပုထုစဉ်ပီပီ ကျွန်တော် ဆုတောင်းမိပါသည်။ ပါရမီ နည်း၍ ထင်ပါသည်။ ကျွန်တော် ဆုတောင်း မပြည့်ပါ။ နွားက လေး ရှုံးကာ သားသတ်ရုံအတွင်း ဆုတ်ကန်ယက်ကန် ပါလာလေပြီ။

ကျောက်စရစ် R.C တိုင် တစ်ခုရေ့ရောက်နေလေပြီ။ မိမိကို လုပ်ကြံမည့် သတ္တဝါနှင့် လက်နက်ကို မြင်ရသောအခါ သဘာဝမှပေးသော အသိကပင် သိသည်ထင်ပါသည်။ အသား ကုန် ရုန်းကန်၏၊ အမဲဖျက်ရန် စောင့်နေကြသည့် လူမှုဆိုး (၃)ဦးခန့် အတင်း ဝင်ဆွဲရသည်။ (၁၀) မိနစ်ခန့်တွင် ခမျာမှာ အားမတန်၍ မာန်လျော့ရလေပြီ။ ရှေ့ခြေ (၂) ချောင်း ပူးချည်၍ ကျောက်စရစ်တိုင်သို့ ကြိုးတင်းတင်းဆွဲ၏။ ရှေ့လက်ပြင်နှင့် ကျလေပြီ။ နောက်ခြေ(၂) ချောင်းတင်းတင်းဆွဲ၍ ကျောက်စရစ် တိုင်နှင့် ချည်လေပြီ။ ဘိုင်းဘိုင်းလဲကျ၏။ ပါးစပ်ကို ကြိုးဖြင့် ချည်၏။ တင်းတင်းဆွဲ၏။ လည်ပင်းကို အခင်းနှင့်အပြိုင် တည့်တည့်ထားကာ လည်ပတ်၏အောက်မှ ၄ လက်မအသွား စတီးဓါး တစ်ချက်ထိုး၍ အပေါ်သို့ ပင့်တင်ကာ လည်ကြောကို ဖြတ်လေပြီ။

ကျွန်တော်သည် နွားသတ်ရာတွင် ဓါးမအကြီးကြီးဖြင့် ခုတ်သတ်မည်ဟု ယခင်က ထင်ခဲ့သည်။ ယခုမူ ထက်မြက်လှ သော ၄ လက်မ စတီးဓါးလေးသာ ဖြစ်သည်ကို တွေ့ရသည်။ သွေးများ ပန်းထွက်လာသည်ကို ခွက်ဖြင့်ခံယူသည်။ နာတရှုးရှုး မှုတ်သံ ကြားရ၏။ ပါးစပ်ဖြင့် အသက်ရှူရအောင်လည်း ပါးစပ်ကို ကြိုးဖြင့် တုပ်နှောင်ထား၏။ လည်ချောင်းဖြင့် အသက်ရှူရအောင် လည်း အသက်ရှူကြော လည်ချောင်းကို ဖြတ်ခဲ့လေပြီ။

ခက်ခဲစွာ အသက်ရှူနေရကြောင်း ဖောင်းပိန်လှုပ်ရှားနေသည့် ကြီးမားလှသည့် ဝမ်းဗိုက်၏ ပြင်းထန်စွာ လှုပ်ရှားနေမှုက သက်သေခံ နေသည်။

မကြာလှပါ မသေခင် အမဲဖျက်ခြင်းခံနေရကြောင်း လည်နေသော မျက်ဝန်းအစုံ၏ သေငယ်ဇောကို တွေ့ရသည်။ ရှေးဦးစွာ နွားသားရေ ရအောင်ဖြတ်ထုတ်သည်။ ထို့နောက် ရင်ဒူးသား။ မိုးခိုသား ရအောင် ကျွမ်းကျင်စွာ ဖြတ်ထုတ်သည်။ ကျွန်တော့် သူငယ်ချင်း ဆရာမ လိုချင်သော အစာအိမ် (၄) ခု ကျလာ လေပြီ။

နွားသတ္တဝါသည် အစာအိမ် (၄) ခုနှင့်ဖြစ်သည်။ အစာအိမ်၏ ပြင်ပသည် ချောမွေ့နေ၏။ ၎င်းအစာအိမ်ကို ခွဲ၍ အတွင်းဘက် လှန်လိုက်မှသာ ပထမဆုံး အစာအိမ်တွင် မြက်စိမ်းများ၊ ဒုတိယတွင် စိမ်းဝါရောင် မြက်များ၊ တတိယတွင် အဝါရောင်၊ စတုတ္ထတွင်မှ နွားချေးများ တွေ့ရသည်။ ဘေးပတ် မြောင်းအတွင်း သွေးနှင့် ရော‌နှော၍ အစာသစ်နှင့် အစာဟောင်းများ ဖယ်ထုတ်ပြီးမှ အတွင်းသား အမဲပုဆိုးကြမ်း (အစာအိမ် အတွင်းနံရံ) တွင် တွယ်ကပ်နေသော ကပ်ပါးအနီရောင်၊ အဖြူရောင်များကို တွေ့ရသည်။

ကျွန်တော်တို့အဖွဲ့သည် နီရဲသော ကပ်ပါးပိုးများ ကို တွေ့လိုက်ရသဖြင့် မှိုရသောမျက်နှာဖြင့် ပြုံးပျော်သွားကြသော် လည်း ညှိုးငယ်နေသော မျက်ဝန်းလေးတစ်စုံကို မြင်ယောင်မိသဖြင့် ချက်ချင်းပင်ငိုင်သွားမိပါသည်။

"ကျွန်တော့် အသားကို စားခြင်းဖြင့် လူကြီးမင်းတို့ ကျန်းမာကြပါစေ"

"ကျွန်တော့် အစာအိမ် အသုံးချ၍ ဆရာမ မဟာ ပညာရှင်ကြီး ဖြစ်ပါစေ"ဟု ပြောနေသယောင် ညှိုးငယ်နေသော မျက်ဝန်းလေးတစ်စုံကြောင့် ယနေ့ထက်တိုင် အမဲသားမစား ဖြစ်တော့သည်မှာ ကျွန်တော့်၏ ပုဂ္ဂလမေတ္တာပင် ဖြစ်ပါတော့ သတည်း။ ။

❑


စိတ်အချင့်

# စိတ် အချင့်

၂၀၀၉ခုနှစ်၊ ဧပြီလ ၆ရက်နေ့တွင် ကျွန်တော်၏ သားများ ရှင်ပြုရန် ရည်ရွယ်ထားသည်။ ကျွန်တော်ကိုယ်၌ ဌာနမှ ခွင့်မရသည်ကတစ်ကြောင်း၊ ကျွန်တော်သည် ဌာနဆိုင်ရာ အကြီးအကဲ အိမ်သစ်တက်ပွဲတွင် လှေကားပေါ်မှ မတော်တဆ ခြေချော်ကျ၍ ခါးနာနေသည်က တစ်ကြောင်း၊ ကျွန်တော့်သားများနှင့် ဇနီးဖြစ်သူကို အလှူတော်မင်္ဂလာ ကျင်းပမည့် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ခြေရှိ ရွှေဘုန်းရံသီကျောင်းတိုက်သို့ ၂၀၀၉ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စတင် စေလွှတ်လိုက်ပါသည်။

ကာသာ၊ ပင်လယ်ဘူး စသည့်မြို့နယ်များမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ကိုင်းနယ်တစ်ဝိုက်မှ အင်းသူကြီးများ၊ လုပ်ဖော်ကိုင်ဘက်များ၊ လုပ်ကူကိုင်ကူ တပည့်များ စတင်ရောက်ရှိလာသည့် ပြေ (၁)ရက်နေ့မှ စ၍ နေ့စဉ်ကျောင်းရှိ သံဃာ (၃၂) ပါး၊ မိတ်ဆွေသင်္ဂဟအပါအဝင် (၆၀) ဦးစာ ဆွမ်းကပ်ခြင်း၊ ကျွေးမွေးလှူဒါန်းခြင်းပြုခဲ့ရာ အလှူဝင် အလှူရက်နှင့်ကျွန်တော့် သားများ (၇)ရက်၊ တစ်ပါတ် ကိုရင်ဝတ်သည်မှရှင်လိင်ပြန်သည်အထိ (၁၄)ရက် အလှူ အားရစွာ ပြုခဲ့ပါသည်။

ဆရာတော်ဘုရား၏ ဆိုမိန့်အရ ဆိုင်းဝိုင်း၊ အငြိမ့်စသည့် ပျော်ပွဲရွှင်ပွဲ ပကာသနကို လျှော့၍ သံဃာတော်များအား ရည်မှန်းလှူဒါန်းခဲ့ရာ ကျွန်တော် အနှစ်နှစ် အလလ မျှော်မှန်းခဲ့ရသော စစ်မှန်သည့် အလှူပီတိကို မျှဝေခံစားရခဲ့ ဖြစ်ပါသည်။

သို့သော် ကျွန်တော်ကိုယ်တိုင် စတင်ရောက်ရှိသည့် ပြေ (၄) ရက်နေ့မှ (၁၃) ရက်နေ့ အထိ အာရုံဆွမ်း၊ နေ့ဆွမ်းများကို ရှမ်းခေါက်ဆွဲ ခေါက်ဆွဲကြော်၊ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးသားလောက်၊ ပုစွန်ဆီပြန်၊ ငါးဘတ်ငါးဆားနယ်၊ ငါးဆိမ့်ချက်၊ မကျီးချဉ်ရည်၊ ဘာလချောင်ကြော်တို့ဖြင့် ဆွမ်းဟင်း မထပ်အောင်၊ တစ်နေ့ သားငါး (၃)မျိုးခန့်ဖြင့် ဆက်ကပ်ပါသော်လည်း ဆွမ်းဘုဉ်းပေးသည့် ဦးပဉ္စင်း၊ ကိုရင်တို့မှာ မည်ကာမတ္တ၊ တို့ကနန်းဆိတ်ကနန်း ဘုဉ်းပေးနေသည်ကို တွေ့ရသဖြင့် ဆွမ်းဒကာ

ကျွန်တော် အားမရ ရှိလှပါ။

ထိုသို့ သံဃာတို့အား ဘုန်းပေးစေချင်သည်မှာ ကြက်သား၊ ဝက်သား၊ ပုစွန်ဟင်းများ ဖြစ်သော်လည်း ချဉ်ရည်နှင့် အတို့အမြုပ် ဟင်းသီးဟင်းရွက်များသာ နေ့စဉ်ဘုဉ်းပေးနေသည်ကို တွေ့ရ၏။ အလှူဒကာ၏ ရင်ဝယ်မကောင်း၊ တစ်ခုခုလိုနေသလို ခံစား ရသော်လည်း ဆရာတော်အား မလျှောက်တင်ဖြစ်ခဲ့ပါ။

သားကိုရင်များ လူဝတ်လဲ၍ ဇနီးဖြစ်သူ၏ ဇာတိ ပြင်ဦးလွင်သို့ ပြန်မည့်နေ့တွင် နေ့စဉ်ကြုံတွေ့နေရသည့် လိပ်ခဲ တည်းလည်း မတင်မကျ၊ ဘဝင်မကျဖြစ်နေရသည့်ကိစ္စကို ဆရာတော်ထံ လျှောက်တင်မိရာ ဆရာတော်မှ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

"ဒကာကြီး ကောင်းစွာဘုဉ်းမပေးဟု မထင်နှင့်၊ ကောင်းစွာ ဘုဉ်းပေး၏။ ဘုန်းကြီးတို့ ကျောင်းအနောက်ဘက်က ဟင်းနနွယ်စိုက်ခင်းတွေ့တယ် မဟုတ်လား။ အဲဒါ ဘုန်းကြီးတို့ အတွက် ကျေးဇူးရှင် အပင်လေးတွေပဲ။ ဘုန်းကြီးတို့ ကျောင်းရဲ့ စာသင်သားတွေဟာ ဆူးပုတ်နဲ့ မုန့်ညင်းကို ဟင်းပေါင်း ပေါင်းချက် လိုက်၊ ပြုတ်လိုက်စားရတဲ့ ဗန်းမောက်မြို့နယ် ကဒူး၊ ကနန်း၊ ရှမ်း ဒေသက အများခုံးပဲ။ ဟိုနယ် နေ့စဉ်ကလည်း ဟင်းရွက်ပဲ ဘုဉ်းခဲ့ရတာ။ အခု စစ်ကိုင်းတောင် ရောက်တော့ နေ့စဉ် ဆွမ်းခံထွက်တော့လည်း ကျောင်းတိုက်များတဲ့ အရပ်မို့ ဆွမ်းသာ

ခံရတယ်။ ဆွမ်းဟင်း မမျှတဘူး။ ကျေးဇူးရှင် ဟင်းနုနွယ်ရွက်ကလေးတွေနဲ့သာ ချဉ်ရည်တစ်မျိုး၊ ဟင်းချိုတစ်သွယ်ဘုဉ်းပေးနေရတော့ အသားငါးဆိုတာ ခံတွင်းက တယ် မမှတ်မိချင်တော့ဘူး။ ဝမ်းက အချင့်ဖြစ်နေပြီ။ ဒါပေမယ့် ဒကာကြီးအလှူက မြတ်ပါတယ်။ သံဃာတော် ရည်မှန်းပြီး လှူဒါန်းတာဖြစ်တဲ့အတွက် သံဃိကဒါနမြောက်ပါပေတယ်…ဒကာကြီး"

ပုထုဇဉ် လူသားကျွန်တော် ခံစားရပါသည်။ ဆရာတော်မှ ဆရာဒကာ ညီညွတ်စွာ မိန့်ကြားသော်လည်း ကျွန်တော်၏ မျက်ဝန်းထဲဝယ် ရေငင်နေသူ၊ စာအံနေသူ၊ ဝေယျာဝစ္စဆောင်ရွက်နေသူ ကိုရင်၊ ဦးပဉ္စင်းနှင့် ဟင်းနုနွယ်ပင်များ ရစ်ဝဲလျက်…။

(၂)

၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဂီရိ အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူအနီး၊ ပင်လယ်ပြင်ကို ဗဟိုပြု ၍ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော စသည့် မြို့နယ်များသို့ ဝင်ရောက်တိုက်ခတ်ရာ အိုးအိမ်ရုံး ဌာန၊ လှေ၊ စက်လှေများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

သဘာဝဘေးအန္တရာယ်နှင့် ကြုံခဲ့ရလေတိုင်း ရန်ကုန် အခြေစိုက်ရုံးများသည် နေပြည်တော်နှင့် မုန်တိုင်းသင့် ဒေသ ကြား၌ ကယ်ဆယ်ရေးနှင့် ပြန်လည်တူထောင်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး ဆက်သွယ်ရေး၊ သတင်း ပေးပို့ရေး၊ တာဝန်ထမ်းရသည် ဖြစ်သည်။

မိမိဌာနနှင့် သက်ဆိုင်သည့်အလျောက် ပျောက်ဆုံး ရေလုပ်သား၊ နစ်မြုပ်စက်လှေ၊ ပျက်စီးရုံးများ၊ ပျက်စီး ပစ္စည်းကန်၊ ပျက်စီး ငါးဖမ်းကိရိယာ ဦးရေ၊ ဧက၊ တန်ဖိုးစသည်ဖြင့် နေ့စဉ် နယ်မှရသည့် သတင်း နေပြည်တော် ပေးပို့၊ နေပြည်တော်မှ မေးမြန်းချက် နယ် ဆက်သွယ်ဖြင့် ည (၈) နာရီခန့်မှ အိမ်ပြန် ရသည်ဖြစ်ရာ တစ်ရက်တွင် ရုံးပိတ်ရက်နှင့်တိုက်ဆိုင် သဖြင့် ဝန်ထမ်းများအားလပ်ခွင့်ပေးထားရာ အရေးပေါ်စာရင်း ပေးပို့ရန် လိုလာသည်။ ကျွန်တော် ကိုယ်တိုင် ရုံးသို့သွားရောက်၍ စာရင်းပြုစုရင်း ဆိုင်ရာဝန်ထမ်း (၄)ဦးကို လှမ်း အကူအညီ တောင်းရသည်။ နေ့လည် ၁၁ နာရီတွင် စာရင်းပြုစုရာ ညနေ ၅ နာရီခွဲ အချိန်ခန့်တွင် အလုပ်ပြီးမြောက်လေသည်။

ဝန်ထမ်း (၄) ဦးအနက် (၃) ဦးမှာ ရုံးနှင့် လမ်းလျှောက် သွားနိုင်သည့် ဝန်ထမ်းအိမ်ရာတွင် နေထိုင်သည်ကို သိထား သော်လည်း ကျန်တစ်ဦးအား နေရပ်မသိပါ။ မေးမြန်းကြည့်ရာ ရန်ကုန် တစ်ဖက်ကမ်း ဒလမှ လာရောက်သည် ဖြစ်ကြောင်း

သိရ၍ အလုပ်ပြီးပြောက်လိုဇောဖြင့် အချိန်လင့်သွားမိသည်ကို သတိထားမိလေသည်။ အမျိုးသမီးဝန်ထမ်းလည်း ဖြစ်ရာ တဖြည်းဖြည်းမှောင်စပြုနေသော ဝန်းကျင်ကို ကြည့်၍ TAXI အငှားယာဉ်ဖြင့် ပြန်နိုင်ရန် ငွေ ၃၀၀၀ ကျပ် ထုတ်ပေးမိသည်။ တစ်လှမ်းနှစ်လှမ်း လှမ်းပြီးနောက်…

"ဟာ…ဆရာ ပိုက်ဆံတွေက အများကြီး…ဆရာ"

"မများပါဘူး TAXI နဲ့ ငှားပြန်…မိုးချုပ်ပြီ"

"ဆရာ…ဒီခရီးကို နှစ်ရာကျပ်ပေးပြီး ပါရမီစီးပြန်ရင် ပန်းဆိုးတန်းဆိပ်ကမ်းရောက်ပါတယ်"

"အေး…ဟုတ်တယ် ဒါပေမယ့် အခုက အရေးကြီး တာဝန်ထမ်းဆောင်တာ TAXI နဲ့ ပြန် မိုးချုပ်ပြီ"

"နှစ်ရာတန်ခရီးကို TAXI နဲ့ ပြန်ရင် နမြောတယ်ဆရာ"

"ဒါဆို…ပိုတာ ညနေစာဝယ်စား ဟုတ်ပြီလား"

"ညနေစာ ကမ်းနားဝယ်စားရင် သုံးရာကျမယ်။ ငါးရာဆို လောက်ပြီ ဆရာ"

သူမသည် ကျွန်တော့်လက်ထဲ ၂၅၀၀ ကျပ် အတင်း ပြန်ထည့်၏။ မည်သို့ ပေးပေး ကျွန်တော့်စားပွဲပေါ် တင်ထား လိုက်သည်။

"ဆရာ့ကို အားနာပါတယ် ဆရာ…သမီး မယူတတ် လို့ပါ" ဟူသော စကားသည် နားထဲကမထွက်။

ကျွန်တော်က အတားယာဉ်ခပေးသည့် ပိုက်ဆံကို ယူ ၊ ခြိုးခြံ၍ ဘတ်စ်ကားနှင့် ပြန်မည့်စိတ်ကူးလည်း သူ့မှာ ရှိပုံမရ၊ ငါးရာကျပ် ယူသွားရသည်ကိုပင် ချိတုံချတုံ ဖြစ်နေပုံရ၏။ လူ ကြည့်တော့လည်း ခပ်နွမ်းနွမ်းပင်။ ဒလ တစ်ဖက်ကမ်းကူးရုံနှင့် သူ့ နေထိုင်ရာ ရွာမရောက်သေး။ တစ်တက်ကမ်း လမ်းလျှောက်မှ သူ့ရွာရောက်မည်ဟု သိရသည်။ ကျွန်တော့်ရင်ထဲမကောင်း ဝန်ထမ်းငယ်အပေါ် ဂရုဏာဖြင့် များစွာ စာနာလှသည်။

(၃)

စစ်ကိုင်းတောင်ရိုး မင်းဝံတောင်ခြေ ရွှေဘုန်းရှိသီ ကျောင်းတိုက် သံဃာများသည် ဟင်းနနွယ်ကို နေ့စဉ်အမိက ဟင်းတစ်ခွက်အဖြစ် စားတတ်သည်မှာ ဝမ်းကအချင့်ဟု ဆရာတော်က ဆိုပါသည်။ ထမင်းချိုင့်ဆွဲ ရုံးတက်၊ ရုံးဆင်း ဘတ်စ်ကား။ ဖယ်ရီ စီးနေတတ်သော ကျွန်တော့်တပည့်မလေး စိတ်ဓါတ်သည်လည်း ကျင့်သားရနေပြီ ဖြစ်သည်။

တစ်ခါ တစ်ရံတွင် လူတို့သည် ကိုင်းခက်ဝေဆာ နေသော အပင်ထက်မှ အသီးများအား ထွားလှ၏၊ ဝင်းမှည့်၏၊

အပွင့်များကား ဖွားဖွားစွင့်စွင့် လှပ၏ဟု သီးပွင့်ဝေဆာနေသည်ကိုသာ မြင်တတ်ကြသော်လည်း အမြစ်များ အရိုးပြိုင်းပြိုင်းနှင့် အသက်ရှင်သန် ရပ်တည်ရေး သဘာဝဒဏ် ကြံ့ကြံ့ခံကာတွယ် ရပ်တည်နေရသည်ကို သတိမမူတတ်ကြပေ။ ဒါသည်ပင်လူ့သဘာဝ ဖြစ်တော့သည်။ ။

# ဂိရဝ
# ထာဝရ
# သူမ



# ဂါရဝ - ထာဝရ - သူမ

ကျွန်ုပ်သည် သူမကို ၁၉၆၂ ခုနှစ်လောက်တွင် စတင်တွေ့ရှိခဲ့သည်ဟု မှတ်မိခဲ့ပါသည်။ သူမသည် အသားဖွေးဖွေး၊ နှာတံပေါ်ပေါ်၊ အရပ်မြင့်မြင့်နှင့် ဂုဏ်သရေရှိ အမျိုးသမီးကြီး တစ်ဦး ပေါ်လွင်သည်။ စတင် တွေ့ရှိစဉ်ကထက် ကျွန်ုပ်ကောင်းမွန်စွာ မှတ်မိချိန် ၁၉၆၉ ခုနှစ်ခန့်တွင် သူမအသက်မှာ ၃၂ နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။

သူမ ပြောပြ၍ လည်းကောင်း၊ ကျွန်ုပ်နှင့် အတိတ်ရေစက်ကြောင့် နှစ်ကာလများစွာ တွေ့ဆုံခဲ့ရသဖြင့် လည်းကောင်း၊ သူမအကြောင်းကို ကျွန်ုပ် ကောင်းကောင်းသိရှိခဲ့ရပါသည်။

သူမသည် ရေးတုန်းက ဆရာဝန်ကြီးတစ်ဦး၏ မြေးဖြစ်ပါသည်။ သူမ၏အမေသည် သရက်မြို့သူဖြစ်ပြီး ၎င်းဖခင်၏ အလုပ်ဌာနမှ ကွန်ပေါင်ဒါ ခေါ် ဆေးစပ်မှူးနှင့် အိမ်ထောင်ကျ၍ သူမအပါအဝင် သား၊ သမီး (၆) ယောက်ကို မွေးဖွားခဲ့သည့်အနက် အကြီးဆုံးသမီး ဖြစ်သည်ဟု သိရပါသည်။

သားဦး၊ သမီးဦးကို မြှောက်စားတတ်သည့် ရေးမြန်မာများ၏ မိသားစုပုံစံအတိုင်းပင် ရွှေခြေကျင်းခေတ်၌ တစ်ဖက်ဥကျပ်သားရှိ ရွှေခြေကျင်းဝတ်ပြီး ထိုခေတ်က အစိုးရကျောင်းတွင် (၁၀) တန်းအထိ တက်ရောက် ပညာသင်ခဲ့သည် ဟု သိရပါသည်။

သို့ရာတွင် ကျွန်ုပ်မှတ်မိသည့်အချိန်တွင် သူမသည် အိမ်ထောင်ကျ၍ သား (၂) ယောက်၊ သမီး (၂) ယောက် ထွန်းကားပြီး ဖြစ်နေသည်။ ရွှေခြေကျင်းလည်း မတွေ့ရတော့ပါ။ နားတွင် လူရှိသေ၊ ရှင်ရှိသေ ကျောက်စိမ်း နားကပ် တစ်ရံသာ တွေ့ရသည်။ သူမသည် အစိုးရကျောင်း (၁၀)တန်းကို ပြီးဆုံးအောင် မတက်ဘဲ အလိုလိုက်ခံရသည့် သား၊ သမီး ပီပီ ဂါတ်စာရေး တစ်ယောက်နှင့် အိမ်ထောင်ကျသည်။ ထို့နောက် ကျောင်းဆရာမ အလုပ်ဝင်သည်။ ထိုဂါတ်စာရေးလည်း ကျောင်းဆရာလိုင်းပြောင်း၍ နှစ်ကိုယ်တူ ချစ်သမျှကို ကျောင်းဆရာဘဝဖြင့် ရွှေလီမြစ်အတွင်းက အင်းရွာဆိုသော ကျေးရွာ

တစ်ရွာတွင် အစပြုထူထောင်ခဲ့သည်ဟု သိရသည်။

ထိုစဉ်က ရွှေတစ်ကျပ်သား ၁၈၀ ကျပ် ဈေးဖြစ်သဖြင့် လင်မယားနှစ်ဦး၊ တစ်ဦး လစာ စား၊ တစ်ဦး လစာ စုဖြင့် ပျော်ရွှင်ခဲ့ရသည်ဟု ကြားသိရသည်။

၁၉၈၃ ခုနှစ် ကျွန်ုပ်တွေ့ရှိရသော သူမသည် ဆရာမ တစ်ဦး မဟုတ်တော့ပါ။ သူမ၏ခင်ပွန်း ကျောင်းအုပ်ကြီး၏ ကျောင်းတွင် ကလေးသူငယ်များအတွက် မုန့်ပဲသရေစာရောင်းနေသည်ကို တွေ့ရသည်။ ဒေသပြောင်း၊ ကျောင်းပြောင်း အခြေအနေများကြောင့် သားသမီး၊ မိသားစု ခွဲခွာနေရသဖြင့် စားစရိတ်သက်သာစေရန် မိသားစု ပေါင်းစည်းစီမံကိန်းကို ပုံစံပြောင်းခဲ့သည်ဟု သိရသည်။ ကျောင်းဆရာမဘဝမှ သူမထွက်ခဲ့ပြီး ယခင်က ပြည်သူ့ဆိုင် ခေါ် ပပကဆိုင်တွင် ဆိုင်တာဝန်ခံလုပ်ခဲ့သည်။ ထို့နောက် မြို့နယ်သမဝါယအသင်း မန်နေဂျာလုပ်ခဲ့သည်ဟု သိရသည်။

နောင်တွင် သားတစ်ယောက်၊ သမီးတစ်ယောက် အခြေခံပညာအထက်တန်း တစ်နှစ်တည်း တစ်ပြိုင်တည်း အောင်သောအခါ သား၊ သမီးများကို ပညာတတ်ဖြစ်စေလိုသော စိတ်စေတနာဖြင့် အိမ်ခြံမြေတစ်ကွက်ကိုရောင်း၍ မန္တလေး-မြစ်ကြီးနား မီးရထားသံလမ်းရိုးတစ်လျှောက် ပင်ပန်းဆင်းရဲစွာ ဆန် ကုန်ကူးသည်ဟု သိရသည်။ ရည်မှန်းချက်မပေါက်ရောက်မီ သားကြီးဖြစ်သူ ဒုတိယ

နှစ်ကျောင်းသားဘဝတွင် အိမ်ထောင်ကျ၍ ချွေးမနှင့် မြေးပါ အိမ်ပေါ်တင် ကျွေးထားရသည်ဟု သိရသည်။

ထို့နောက် ရွှေဘိုသနပ်ခါးများကို ဝယ်၍ မိုးညှင်းဘက် သွားရောင်းသည်။ ငါန်းငွန်မြို့နယ်၊ ငါန်းမြာဘက်မှ ကြက်သွန်နီများ ဝယ်ပြီး မြို့မဈေးကြီး၏ ဟင်းရွက်တန်းဘေးတွင် ကြက်သွန်နီ ပုံရောင်းနေသည်ကိုလည်း တွေ့ရသည်။ မရှက်မကြောက်နှင့် လောကခံကို အံတုရင်း အပြုံးမပျက် နေတတ်သည့် သူမဘဝကို များစွာ စာနာမိသည်။

နောင် (၂) နှစ်ခန့် အကြာ ကျန်သားတစ်ယောက်၊ သမီးတစ်ယောက် အခြေခံပညာအထက်တန်းပြင်တူ အောင်မြင် ကြပြန်သောအခါ ရှေးက သားကြီး၊ သမီးကြီးများကဲ့သို့ ပညာတတ် ဖြစ်စေလိုသော စေတနာဖြင့် လက်ကျန်အိမ်ကို ရောင်း၍ တက္ကသိုလ်နှင့် ဆရာအတတ်သင်ကျောင်းသို့ တက်ရောက် စေခဲ့သည်။ သူမကိုယ်တိုင်ကမူ အိမ်ငှားဘဝသို့ ရောက်ရှိခဲ့ပြီး ယခုကဲ့သို့ ကျောင်းဈေးသည်ဘဝ ရောက်ရှိခဲ့ကြောင်း သိရသည်။

၁၉၉၀ ခုနှစ်ခန့်တွင် သူမ ကျောင်းဈေးရောင်းသည်ကို မတွေ့ရတော့ပါ။ ထို့ပြင် ဈေးသို့ စက်ဘီးနှင့်အသွား တစ်ဘက်မှ အမျိုးသမီးငယ်တစ်ဦး၏ စက်ဘီးနှင့်တိုက်မိပြီး မန္တလေးအရိုး ဆေးရုံကြီး၌ (၃) လခန့် ဆေးရုံတက် ကုသမှုခံရကြောင်း၊ သို့သော် ခြေတစ်ဘက် အနည်းငယ်နိမ့်သွားသဖြင့် လူကောင်း တစ်ဦးကဲ့သို့

လျှင်မြန်ဖျတ်လတ် လှုပ်ရှားနိုင်စွမ်းမရှိတော့ကြောင်း၊ အငယ်ဆုံး သားလေးမှ ဆေးကုသပေး၍သာ ယခုအခြေအနေသို့ ရရှိကြောင်း၊ သူမ၏ တစ်ဖက်နိမ့်နေသည့် ခြေထောက်ကိုပြ၍ မိတ်ဆွေသင်္ဂဟာများကို သားအကြောင်း စာဖွဲ့ရသည်မှာ မမောနိုင်၊ မပမ်းနိုင်ကြောင်း ကြားသိရသည်။

၁၉၉၄ ခုနှစ်ခန့်တွင် သူမ၏ သားငယ်မှာ တိုင်းအဆင့် ဌာနဆိုင်ရာ အရာရှိ ဖြစ်နေပြီဖြစ်ကြောင်း၊ သူမနှင့် တစ်မြို့တစ်နယ်ခွဲ၍ နေကြောင်း သိရသည်။ သူမသည် သမီးငယ် ကျောင်းဆရာမနှင့် ၎င်းမွေးသောမြေးကလေးနှင့် အတူနေပြီး သူမ၏ ခင်ပွန်းသည်လည်း ကျောင်းအုပ်ဆရာကြီးအဖြစ်မှ အငြိမ်းစား ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အနေဝေး၍ အသက်အရွယ်ရချိန်တွင် သူမသည် ကိုးတို့ကျဲတဲ ဆံပင်ဖြူသည်မှအပ အပြုံးမပျက် တည်ငြိမ်ဆဲရှိပြီး၊ သားဖြစ်သူနှင့် ခွဲခွာနေရ၍ လွမ်းနေရကြောင်း၊ မကြာခဏ ပြောတတ်သည်ဟု ကြားသိရသည်။

သို့ဖြင့် နောင် (၁၀) နှစ်ခန့် ကြာသောအခါ သူမ ကွယ်လွန်သွားလေပြီ၊ မကွယ်လွန်မီ နေစရာမဲ့နေသော၊ အိမ်ခြေရာခြေမဲ့နေသော အိမ်အငှါးဘဝမှ သူမကို ထရံကာ၊ သွပ်မိုး၊ မြေစိုက်အိမ်ကလေးဖြင့် ပညာသင်စဉ် ကုန်ဆုံးခဲ့သော အမေ့အိမ်ကို အစားထိုး ပေးဆပ်သွားသူ၊ (၃)လကြာ

အရိုးကျိုး ကုသပေးသူ သူမ၏ သားငယ်ကို တမ်းတသွားခဲ့ကြောင်း၊ သူမ၏ သားဖြစ်သူ သည်လည်း အထက်မှပေးအပ်သော တာဝန်ဖြင့် ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ် ကျီခါးကျေးရွာသို့ ရောက်ရှိနေသဖြင့် သူမ၏ အသက်ကိုပင် မမီလိုက်ရကြောင်း သိရသည်။

အမြဲထာဝရမမေ့အပ်သည်များကို နှလုံးသား၌ အစဉ်ထာဝရဟု ရည်ညွှန်းပြောတတ်သည်ဖြစ်ရာ သူမနှင့်အတူ မီးရထား သံလမ်းရိုးတစ်လျှောက် ဈေးရောင်းလိုက်ပါဘူးသော ကျွန်ုပ်၏ နှလုံးသား၌ သူမသည် အစဉ်ထာဝရ ဟူ၍သာ။

□


ကျွန်ုပ် နှင့်
ေဓမ္မိလင်း
တင်္ဂစာ

# ကျွန်ုပ်နှင့် တက်စာ

၂၀၀၅ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ (၄၅)ရက်ကြာ ခရီးသွားရောက်ခွင့် ရရှိခဲ့သည်။ မလေးရှားနိုင်ငံအစိုးရ MTCP ၏ G to G အစီအစဉ်အရ သွားရောက်ခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်သည် စီးပွားရေးအလို့ငှာ ဖွံ့ဖြိုး တိုးတက်စေမည့် အတတ်ပညာ (Technology) တစ်ခုကို လေ့လာရန် သွားရောက်ခဲ့ရသော်လည်း စတုတ္ထအကြိမ်မြောက် ရောက်ရှိခဲ့ရသည့် ဤ မာလာယု ခေါ် မလေးရှားနိုင်ငံ ဘာသာရေး ကိုးကွယ်မှုကို ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ယှဉ်၍နှိုင်းဆမိသဖြင့် မြန်မာနိုင်ငံနှင့် ဘာသာရေးအကျိုးငှာ ဤစာစုကို ရေးသားအပ်ပါသည်။

ကျွန်ုပ်သည် ယခင်က မိခင်နှင့် ဖခင် ဗုဒ္ဓဘာသာ မိဘနှစ်ဦးမှ မွေးဖွားလာသည့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သော်လည်း မိမိအသက် ရွှေရတုသို့ နီးကပ်လာသောအခါ အကြီးအကဲ ဆရာများ၏ သွန်သင်ဆုံးမမှု မိမိဖတ်ရှုလေ့လာခဲ့သည့် ဘာသာရေးစာပေများ၏ ဝေဖန်သုံးသပ်နိုင်စွမ်း စေ့ဆော်တိုက်တွန်းမှုတို့ကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စွာ ကိုးကွယ်သည့် ဘာသာဝင်တစ်ဦးအဖြစ် အသွင်ကူးပြောင်းခဲ့ ပေသည်။ သို့ရာတွင် We are Life –Long Students စကားနှင့်အညီ ဘာသာရပ်တစ်ခု (သို့မဟုတ်) ဘာသာရေး စာပေတစ်ခုကို တစ်သက်တာ လေ့လာနေရဦးမည့် စာသင်သားဟု ခံယူကျင့်သုံးလျက်ရှိသည်။

ယခု ဤစာစုအစတွင် ဖော်ပြထားသကဲ့သို့ မလေးရှားနိုင်ငံသို့ စတုတ္ထအကြိမ် သွားရောက်ခဲ့ရသည်ဆိုရာတွင် ယခုအကြိမ်သည် တစ်နိုင်ငံလုံးနီးပါး သွားရောက်ခဲ့ရခြင်း၊ နေထိုင်ကာလ ရှည်ကြာခြင်း၊ ဘာသာရေး အထွဋ်အမြတ်ထားရာ ပြည်နယ်တွင် နေခဲ့ရခြင်းတို့ကြောင့် အနုလုံပဋိလုံ ခြုံငုံနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်သွားရောက်ခဲ့ရသော ပြည်နယ်သည် ကွာလမ်တရန်ဂနူးပြည်နယ် ဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် အစ္စလာမ် ဘာသာကို အဓိကထား ကိုးကွယ်သည့် နိုင်ငံဖြစ်သည့်အလျောက် ယခုပြည်နယ်သည် ဘာသာရေးကို အထွဋ်အမြတ် အထားဆုံး ပြည်နယ်ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်တည်းခိုရာ သင်တန်းကျောင်းဆောင်သည် ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိခြင်း၊ သင်တန်းကျောင်းမှ ဆင်း၍ (၃)မိနစ်ခန့် လျှောက်လျှင် သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကို ရှူနိုင်ခြင်း၊ အပြောကျယ်လှသော ပင်လယ်ပြင်ကို ရှုမဆုံးတွေ့မြင်ရခြင်း ၊ ကမ်းနားလျှောက်လမ်း တင့်တယ်စွာ ထားရှိခြင်း အားသာချက်များကို တွေ့ရှိရသည်။ ၎င်း အားသာချက်များ စုဝေးရာ သင်တန်းကျောင်း၏ အပေါ်ထပ်တွင် အစ္စလာမ်ဘာသာဝင်များ၏ အထွဋ်အမြတ် ဗလီကျောင်းဆောင် ထားရှိခြင်း၊ နံနက်ခင်းအရုဏ်ဦးတွင် ဘုရားဝတ်ပြုရန် နှိုးဆော်ခြင်းသည် ဘာသာရေးကို တန်ဖိုးထားမှု၏ ပြယုဂ်ပင်ဖြစ်သည်။

ဤသင်တန်းကျောင်း ဗဟိုပြု၍ ကွာလာလမ်ပူ၊ မလက္ကကာ ရေလက်ကြား၊ အပါအဝင် ပြည်နယ်အသီးသီးသို့ ခရီးဆန့်ခဲ့ကြရာတွင် ခရီးစဉ်တစ်လျှောက် ယာဉ်ရပ်နားစခန်းများ၌ ဒရိုင်ဘာ အပါအဝင် ခရီးသွားများ ဝတ်ပြုကိုးကွယ်ရန် ဗလီကျောင်းဆောင်များ ထားရှိခြင်း၊ အမျိုးသား၊ အမျိုးသမီး သီးသန့်ဝတ်ပြုဆောင် ခွဲခြားထားခြင်း၊ ခရီးသွားများဖြစ်သလို နောင်တွေ့ရမည့်သူများ မဟုတ်ဟု သဘောမထားခြင်း စသည့် ကောင်းမွန်သောကျင့်စဉ်ကို တွေ့ရှိခဲ့ရသည်။ အံ့ညွှဖွယ်ရာကောင်းသည်မှာ ခရီးတစ်လျှောက်ရှိ စားသောက်ဆိုင်များတွင် ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းပြု၍ အရက်တံဆိပ်မျိုးစုံ၊ ဘီယာမျိုးစုံ၊ မော်ဒယ်မျိုးစုံပါ

ကြော်ငြာများဖြင့် ရှုံးပွဲကြီး ပြသမထားခြင်း ဖြစ်ပါ၏။ Selangor, Kuantan, Kelantan စသည့် ကီလိုမီတာများစွာသော ပြည်နယ် ခရီးစဉ်တစ်လျှောက် မည်သည့် အရက်သေစာမျှ မတွေ့ခဲ့ရပါ။ မိမိနှင့်အတူ သင်တန်းတက်ဘက် မြောက်ကိုရီးယားမှ သူငယ်ချင်း (၂)ဦး သည် နေ့တိုင်းနီးပါး အရက်သောက်လေ့ရှိရာ ရောက်ခါစ တစ်ပတ်အတွင်း ၄င်းတို့ သယ်ဆောင်လာသော ယမကာများ နှင့် မိုဝဲအဆင်ပြေနေသော်လည်း လက်ကျန်မရှိ၍ ဈေးဝယ် ထွက်သည့်အခါ ကွာလမ်တရန်ဂန္နူးပြည်နယ်တစ်ခွင် စုပါမတ် ကက်မှအစ ချောင်ကြို ချောင်ကြား ဈေးဆိုင်အဆုံး မှောင်ခိုပင် ဝယ်မရခဲ့ပါ။ ဤသည်မှာ ဤစာစု ရေးသားရန် သန္နေတည်လာ သည့် အချက်ဖြစ်ပါသည်။

သို့ဆိုလျှင် မလေးရှားသွားလျှင် အရက် မသောက်ရ တော့ဟု ဆိုလိုရင်း မဟုတ်ပါ။ ဘာသာရေး သစ္စာမဖေါက်မှုနှင့် စည်းစံနစ်ကျနမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဇေး ရှင်းအရ ကမ္ဘာ့ရွာကြီးဆန်စွာ ကွာလာလမ်ပူကို ပါဝင်စီးမျှောစေ ခဲ့ပါသည်။ KL ၏ ဟိုတယ်နှင့် ဆိုင်အချို့တွင် အရက်၊ ဘီယာ အနည်းငယ် ရောင်းချပါသည်။ သို့ရာတွင် ယခင်က ကြော်ငြာ တစ်ခုဖြစ်သည့် ပြတင်းပေါက် (၃) ပေါက်တွင် မော်ဒယ် တစ်ယောက်စီ စောင့်နေသော ကြော်ငြာများကဲ့သို့ လည်းကောင်း၊ ဖော်ပြအပ်ပါသည်၊ တင်ပြအပ်ပါသည်။ ကြော်ငြာများကဲ့သို့

လည်းကောင်း၊ မြူဆွယ်ကြော်ငြာခြင်း၊ အတိအလင်း ကြော်ငြာရောင်းချခြင်းမျိုး မတွေ့ခဲ့ရပါ။

ဆိုခဲ့သလို ဂလိုဘယ်လိုက်ဖေးရှင်းနှင့် ဟန်ချက်ညီညီ စီးမျှောမှုပေးခဲ့သော ကွာလာလမ်ပူတွင် **မီးခိုးမထွက်သော စက်ရုံများ** ဟု တင်စားထားသည့် ခရီးသွားလုပ်ငန်း၏ နိုင်ငံခြားဝင်ငွေ တရစပ် ရရှိမှုနှင့် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ နိုင်ငံခြားခရီးသွားများ၏ ဆန္ဒကို ဖြည့်တင်းနိုင်ရန် Casino လောင်းကစားဝိုင်းများ အပါအဝင် အရက်၊ ဘီယာ ဘားကောင်တာများကို KL နှင့် မလှမ်းမကမ်းအရပ်ရှိ Genting Highland တောင်စဉ်ထပ် အရပ်ဒေသတွင် သီးခြားဖွင့်လှစ်ထားရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ငှင်းနေရာသည် မလေးပြည်သူလူထုနှင့် အလှမ်းဝေးပါသည်။ တကူးတက သွားရပါသည်။ တောင်ကြော တစ်လျှောက်ကားဖြင့်တက်၍ ထိုမှတစ်ဆင့် Sky Cable Car (ခေါ်) တောင်တစ်တောင်နှင့် တစ်တောင်ရွှေ့လျား မှန်အိမ်ငယ်များဖြင့် သွားရောက်ရပါသည်။ တောင်ကြားတစ်လျှောက် မိသားစုအပန်းဖြေအနားယူရန် Entertainment ပေါင်းစုံနှင့် Sky Rider စီးသကဲ့သို့ခံစားနိုင်ခြင်း၊ Free Fall ခုန် သကဲ့သို့ခံစားနိုင်ခြင်းစသည်ဖြင့် လူငယ်များအတွက် ဖန်တီးပေးထားသည်။ ဆိုလိုသည်မှာ Disney Land ကဲ့သို့ ဆန်းပြားစုံလင်မှုရှိသည်။ သို့သော်

သင်သည် မလေးလူမျိုးတစ်ယောက်ဖြစ်ပါက အတက်လမ်း တောင်ထိပ်ပိုင်း ဘယ်ဘက်အခြမ်းသို့ ဝင်ရန် စိတ်မကူးလေနှင့်။ Passport ပြမှ ဝင်ခွင့်ရှိသည့် Casino နှင့် အရက်၊ ဘီယာ ဘားရှိရာ ကန့်သတ်နယ်မြေ ဖြစ်ပေသည်။ အဆိုပါဘက်ခြမ်းသို့ နိုင်ငံခြားငွေ ဖြုန်းထားရစ်မည့် နိုင်ငံခြားသားများသာ သီးသန့် ခွင့်ပြုသည်။ မလေးပြည်သူတို့၏ ငွေကို လုညှ့်စား၊ ဖဲ့စား မယူချင်သကဲ့သို့ ဘာသာရေးအရ တားမြစ်ထားသည့် အရက်၊ ဘီယာ၏ ကျေးကျွန်အဖြစ် ငွေကြေးရတိုင်း ပြည်သူတို့ကို နှံ့နှစ်မထားကြောင်း ကြီးမားသည့် အမြော်အမြင်ကို တွေ့ရှိခဲ့ရပေ သည်။

ထို Casino အပေါက်ဝ ရှေ့တွင် အမျိုးသားရေး ဇာတိမာန် ပြင်းထန်လှစွာ မြန်မာလူမျိုး ကျွန်ုပ်တစ်ဦးတည်း ကြက်သီးထစွာ ငေါင်းစင်းစင်းရပ်နေရင်း ဆင်တူလှစွာသော စစ်ကိုင်းတောင်၊ မန္တလေးတောင်များဆီသို့ အတွေး နယ်ချဲ့မိပါသည်။ သာသနာ့အောင်မြေ စစ်ကိုင်းနယ်မြေတွင် ကျွန်ုပ် (၁၁)နှစ် တာမျှ တာဝန် ထမ်းဆောင်ခဲ့ဘူးပါသည်။ လူကြီးများ၊ နိုင်ငံခြားသား ဧည့်သည်များ၊ လာရောက်တိုင်း မုံရွာသဗ္ဗညု၊ မင်းကွန်း၊ မန္တလေး တောင်၊ စစ်ကိုင်းတောင်များသို့လိုက်လံပြသခြင်း၊ ဘုရားဖူး ပို့ဆောင်ရခြင်း များရှိသည်။

အဆိုပါ အထင်ကရနေရာများတွင် နိုင်ငံတော်အစိုးရက

တားမြစ်ထားပါလျက် ဈေးကွက်ဝင်နိုင်ငံခြားသားများအတွက် ပုန်းလျှိုးယမကာပေါ်လာသေးသည်။

ကျွန်ုပ်ရောက်နေသော Genting Highland သည် အစ္စလာမ်ဘာသာဝင်များအတွက် ဘာသာရေးအထွင့်အမြတ်ထားရာ တောင်စဉ်တောင်ထိပ် မဟုတ်ပါ။ ဗုဒ္ဓဘာသာ မြန်မာများကဲ့သို့ **တောင်ကိုမြင် ဘုရားတင်သည်** မဟုတ်ပါ။ "ပယ်ထား" သည့်နေရာဖြစ်ပါသည်။

မလေးရှားနိုင်ငံသားတစ်ဦးကို ထိုနေရာရောက်ဖူးသလား မေးကြည့်ပါ။ မရောက်သေးကြောင်း၊ နာခေါင်းရှုံ့ဖြေဆိုသူအများကို တွေ့ရမည်။ မြန်မာနိုင်ငံ၏ နေရာတော်တော်များများတွင် အရက်ဘီယာကြော်ငြာတံဆိပ်မျိုးစုံတွေ့ရလေ့ရှိရာ ဤသည်ကတော့ သူတို့နိုင်ငံက စီးပွားရေးကောင်းတာကိုးဟု ခေါက်ရိုးထပ် ဆင်ခြေမပေးသင့်ပါ။ နေရာတကာ ဈေးကွက်၏ သားကောင်မဖြစ်သင့်ပါ။ ကျွန်ုပ်၏သူငယ်ချင်း မြောက်ကိုရီးယား (၂)ယောက်သည် ၅၀ ကီလိုမီတာ ကျော်ဝေးသည့် Giant အမည်ရှိ (Super Market) ရှိရာ ပြည်နယ်ကျော် အရက်သွားရောက် သောက်ခဲ့ရခြင်းသည် ငါးပွက်ရာ ငါးစာချ စီးပွားရေးမဟုတ်ပဲ ဈေးကွက်ရှိရာ စားသုံးသူကောက်ကောက်ပါ လိုက်ခဲ့ရကြောင်း ဖော်ပြခြင်းပင်…ဖြစ်တော့သတည်း။

□


ကိုတံငါ

# ကိုတံငါ လမ်းသလားနေသည်

(မြန်မာပြည်အနှံ့ ခရီးတွေသွားပြီး ချင်းပြည်နယ်အလှ၊ ကမ်းရိုးတန်းဒေသ တနင်္သာရီမြိတ်ကျွန်းစုအလှများကို "လွင်မိုး ခရီးသွားနေသည်" အစီအစဉ်နဲ့ ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်မင်းသား **လွင်မိုး**ကို၊ အားကျစွာ ***ကိုတံငါ(မဟာမစ္ဆဗေဒ)*** ကလည်း ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ တာဝန် ပေးအပ်ချက်အရ ငါးလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို သတင်းစိစစ်ရေးနှင့် ပြန်ကြားရေးအဖွဲ့ တာဝန်ဖြင့် မြန်မာနိုင်ငံအထက်ပိုင်းသို့ သွားရောက်မှတ်တမ်းတင်ခဲ့ပါတယ်။ လွင်မိုးကို အားကျသူပီပီ ဤစာစုကို "ကိုတံငါ လမ်းသလားနေသည်" ဟု ခပ်တည်တည်ပင် အမည်ပေးလိုက်ပါတယ်။)

တောင်ပြုန်းနယ်က ကေ(၁၀၀)ရှိ ဦးထွန်းရင်ရဲ့ ငါးမွေး ကန်သို့ ရောက်ရှိခဲ့ပါတယ်။ ငါးကန်များပေါ်တွင် ကွန်ကရစ် အုတ်တိုင် အခိုင်အမာဖြင့် ကြက်ခြံများ တည်ဆောက်ထား ပါတယ်။ ကန်ဘောင်များပေါ်တွင်လည်း တည်ဆောက်ထားသည် ကို တွေ့ရှိရပါတယ်။ Integrated Fish Farming ကို အပြည့်အဝ အကောင်အထည် ဖော်ထားခြင်းပင်၊ တကယ်တော့ Integrated Farming ဆိုသည် နိုင်ငံတော်မှချမှတ် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅) ရပ် အနက် တစ်ရပ်အပါအဝင်ဖြစ်သည့် စိုက်ပျိုးရေးနှင့် ပေါင်းစပ်ဆောင်ရွက်နိုင် မည့် မွေးမြူရေးလုပ်ငန်းများဖြင့် ကျေးလက်နေပြည်သူတို့၏ အခြေခံ လူနေမှု စီးပွားရေး အဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ Integrated Farming သည် စိုက်ပျိုးရေးမှ မွေးမြူရေးသို့လည်းကောင်း၊ မွေးမြူ ရေးမှ စိုက်ပျိုးရေးသို့လည်းကောင်း၊ အချင်းချင်းအပြန်အလှန် အကျိုးပြုရမှာ ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများ ကို organic fertilizer ဖြစ်စေခြင်း၊ စိုက်ပျိုးရေးမှ by product (ဘေးထွက်ပစ္စည်း)များကို မွေးမြူရေးလုပ်ငန်း အသုံးချခြင်းဖြင့် အဖိုးနည်း ဝန်ပါ အလေအလွင့်မရှိ အသုံးချပြီး ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြခြင်း ဖြစ်ပါတယ်။ ထုတ်ကုန် သာမက အလုပ်အကိုင် အခွင့်အလမ်း ပိုမိုစေပြီး လုပ်ငန်းရှင်ရော လုပ်သားပါ ဝင်ငွေနှစ်ဆ

သုံးဆရရှိစေခြင်းဖြင့် မိသားစု တပိုင် တနိုင်မှသည်၊ အပိုဝင်ငွေဖြင့် စီးပွားရေး တိုးတက်စေမှာ ဖြစ်ပါတယ်။ သို့သော် သက်ရှိ Bios, Living organisms များပါဝင်လာသဖြင့် Bio security (ဇီဝလုံခြုံရေး) ဂရုပြုရမှာ ဖြစ်ပါတယ်။

တောင်ပြန်နယ်က ဒီ farm ကို ရောက်တော့ ကျွန်တော် ၁၉၉၇ ခုနှစ်၊ တရုတ်နိုင်ငံကို Integrated fish farming training သွားတာ အမှတ်တရ ဖြစ်မိပါတယ်။ သူတို့တွေရဲ့ ငါးကန်ပေါ်မှာ ဝက်ခြံ၊ ဝက်ခြံပေါ်မှာ ကြက်ခြံ၊ ငါးကန်ဘောင်မှာ ပိုးစာစိုက်ခင်းများနဲ့ သာတောင့်သာယာ တွေ့ခဲ့ရပါတယ်။ ပိုးစာကနေ ပိုးချည်မျှင်နဲ့ ပိုးယက္ကန်းထိ လုပ်ငန်းခွင်ကို တစ်နေရာတည်းတွေ့ရပါတယ်။ တစ်နှစ်တစ်ခါ ငါးကန်ကို ရေလဲလှယ်၊ ကန်အခြောက်လှန်းတဲ့အခါ Pond silt (အနည်ထိုင်နုန်းမြေ) ကို ပိုးစာပင် မြေဩဇာအဖြစ် ကျွေးပါတယ်။ ငါးတွေရဲ့ အစာအကြွင်းအကျန်၊ စွန့်ပစ်ပစ္စည်း (Feaces) တွေနဲ့ ဩဇာဓါတ်ပြည့်တဲ့နုန်းမြေဟာ ပိုးစာပင်တွေအရွက် ဖားအောင်၊ အပင်ထွားအောင်တော်တော် အထောက်အကူ ပြုတာတွေ့ရပါတယ်။ ကြက်ခြံက အစာအကြွင်းအကျန် ဝက်ခြံ ပေါ်ကျ၊ ဝက်ခြံက အကြွင်းအကျန် ငါးကန်ကျ၊ Plankton (မျှောလေးမျှောမွှား) ကို ငါးက စား၊ ငါးစွန့်ပစ်ဩဇာကို အပင်ကျွေး၊ ပိုးစာပင်က ပိုးအိမ်ကိုပြုတ်၊ high level protein ပါ ပိုးအိမ်ပြုတ်ရည်ကို ငါးစာနဲ့ရောကျွေးနဲ့ ဘာမှစွန့်ပစ်စရာမရှိပါ။

အကျိုးရှိတာ တွေ့ရပါတယ်။ လုပ်သားအင်အားကျတော့ ကြက်ခြံ ဝက်ခြံ ငါးကန်၊ ပိုးစာစိုက်ပျိုးရေး၊ ပိုးယက္ကန်းစတဲ့ အလုပ်နေရာတွေ ပေးနိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတာတွေ့ရ သလို လုပ်ငန်းရှင်အနေနဲ့လည်း ဝင်ငွေပိုမိုတာ တွေ့ရပါတယ်။

အခုရောက်ရှိနေတဲ့ ဦးထွန်းရင်ရဲ့ မြကန်သာ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းမှာ အိမ်ထောင်စု (၃၇)စု ကို အလုပ်အကိုင် နေရာပေးထားပြီး ငါးကန်၊ ကြက်ခြံနဲ့ သရက်ပင်စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း တွေ့ရပါတယ်။ အိမ်ထောင်စု တစ်စုမှာ ဖခင်အိမ်ထောင်ဦးစီးကို ငါးကန်ပိုက်ဆွဲ၊ အစာကျွေး လုပ်ငန်းတာဝန်ပေးပြီး မိခင်ကို ကြက်စာကျွေး တာဝန်၊ သား/သမီးများကို ငှက်ခြောက်၊ ကြက်ခြံသန့်ရှင်းရေးစတဲ့ ဝန်ပေါ့ လုပ်ငန်းများမှာ တာဝန်ပေးတာကြောင့် လူပိုမရှိ ဝင်ငွေပိုသာ ရရှိစေပါတယ်။ သဘောကတော့ လူဦးရေ (၅) ဦးရှိတဲ့ မိသားစုမှာ အားလုံး အလုပ်အကိုင် ရရှိတာပါပဲ။ ကျောင်းနေအရွယ် ကလေး လူငယ်များကို ကျောင်းနေစေပြီး ကျောင်းက ပြန်လာမှ ငှက်ခြောက်၊ သန့်ရှင်းရေး ဝန်ပေါ့လုပ်ရတာ ဖြစ်တဲ့အတွက် တာဝန် ကိုယ်စီယူတတ်တဲ့စိတ် ကိန်းအောင်းစေပါတယ်။ တစ်နေ့ကို ငါး ၁၀ ကောင်လောက် ရေငုပ်ရှာစားတတ်တဲ့ ဒင်ကျီးငှက်ကို ခြောက်လှန့်ခြင်း၊ ထောင်ဖမ်းခြင်းဖြင့် လုပ်ငန်းရှင် ရဲ့ ငွေယိုဖိတ်မှု ဖာထေးပေးတဲ့ လူငယ်တွေ။ ဈေးကွက်ဝင် 1-

2 Kg up ဖြစ်လာမယ် ငါးဖျန်းတွေ ခုံးရုံးမှုက ကာကွယ်ပေးနေတဲ့ လူငယ်တွေရဲ့ တက်ကြွစွာ လုပ်ငန်းခွင် ဝင်ရောက်မှုကိုလည်း တွေ့လိုက်ရပါ တယ်။ Child Labour မဟုတ်ပါ။ ပေါ့ပါးတာဝန် ဖြင့် ကိုယ့်ကျောင်းစရိတ်ကို တာဝန်ယူတတ်တဲ့စိတ် ငယ်ကတည်းက သန္တေတည်စေတာကိုလည်း တွေ့ခဲ့ရပါတယ်။

ငါးသန်ပြုစုကန်၊ ငါးဖျန်းပြုစုကန်၊ အသားတိုးကန်ခွဲခြား ထားပြီး ငါးစုံမွေးမြူရေး (Poly Culture)ကို ဦးတည်ထားတဲ့ သူ့မွေးကန်များမှာ ငါးအမျိုးအစား Species (၁၂) မျိုး မွေးထား တာကို တွေ့ရပါတယ်။ ရေပေါ် ရေလယ်၊ ရေအောက် ငါးမျိုးခွဲခြား ပြီး အစာအလေအလွင့်မရှိအောင် စီမံမွေးမြူခြင်း၊ ငါးတစ်မျိုးမျိုး ဈေးကွက်ပျောက်နေလျှင် ကျန်ငါးမျိုးများနဲ့ ဈေးကွက်ထိန်းနိုင် အောင် မွေးမြူခြင်း ဆောင်ရွက်တာ တွေ့ရပါတယ်။

ကြက်ခြံတွေရဲ့ အောက်ခြေတိုင်တွေမှာ ယင်းတားနဲ့ ပတ်လည်ကာ ယင်းတားအပြင်ကမှ ငါးမှုန်ဆွဲပိုက်ပြာစ ကာရံ ထားပြီး အစာအလေအလွင့်နဲ့ ပေါက်ဖွားလာတဲ့ Plankton ကိုသာ ငါးကို indirect feed အနေနဲ့ ကျွေးကြောင်း သိရပါတယ်။ ကြက်ခြံ သန့်ရှင်းရေးလုပ်တဲ့အခါ ကြက်ရဲ့ Feaces တွေကို သီးသန့်စုပြီး သရက်စိုက်ပျိုးရေးမှာ ဩဇာအနေနဲ့ ကျွေးသလို ပိုလျှံတဲ့ Feaces တွေကို အနီးဝန်းကျင်က စိုက်ပျိုးရေး လုပ်ငန်း တွေအတွက် ရောင်းချခြင်းဖြင့် ပိုမိုတွက်ခြေကိုက်တယ်။ ကြက်ရဲ့

Feaces တွေကို ငါးရဲ့ အစာအဖြစ် direct feed မကျွေးခြင်းဟာ Bio Security အတွက်လို့ ဆိုပါတယ်။ ကြက်ခြံတစ်ခြံကို လုပ်သားနှစ်ဦးထားရှိပြီး သတ်မှတ်ခြေနင်း (ဘိနပ်)၊ သတ်မှတ်ဝတ်စုံ၊ လက်အိတ်များဖြင့် သတ်မှတ်ထားသူသာ ဝင်ရောက်စေခြင်း၊ တစ်ခြံနှင့် တစ်ခြံ ကူးလူးသွားလာခွင့် မပြုစေခြင်း၊ ထုံးနှင့် ခြံဖျန်းပိုးသတ်ဆေးအသုံးပြုခြင်း၊ မွေးကုဆရာဝန် တစ်ပါတ် (၂) ကြိမ် လာရောက် စစ်ဆေးခံ ဆောင်ရွက်စေခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်များနှင့် အညီ လိုက်နာခဲ့တဲ့အတွက် တောင်ပြန်နယ်တစ်ဝိုက် ကြက်ငှက်တုပ်ကွေး အပါအဝင် ရောဂါကြီးကြီးမားမား တစ်ကြိမ်မျှ မကျရောက်ခဲ့ဘူးပါလို့ ဆိုပါတယ်။

Integrated Farming ဟာ လုပ်သားများ ဝင်ငွေတိုးလာသည်သာမက ပိုင်ရှင်ကိုယ်တိုင်လည်း ဝင်ငွေနှစ်ဆ၊ သုံးဆ ရရှိစေပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိလှပါတယ်။ ဝင်ငွေပိုလျှံတဲ့အတွက် မိသားစုတွေက သူတို့ဝင်ငွေကို စုဆောင်းပြီး လုပ်ငန်းရှင်ကို ၂%၊ ၃% အတိုးနှုန်းနဲ့ ပြန်လည်ထည့်ဝင်ထားတာကိုလည်း လုပ်ငန်းရှင်က သူ့အလုပ်သမားများကို ကျွန်တော့်ငွေရှင်ကြေးရှင်တွေပါလို့ ခပ်ပြုံးပြုံးပြောတာ တွေ့ခဲ့ရပါတယ်။ ဒီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ငယ်မွေးခြံပေါက်တွေ ဘွဲ့ရပညာတတ်လို့ တောင်ပြန်း အနီးတဝိုက် ရွာတွေမှာ ကျောင်းဆရာမ၊

လုပ်နေတဲ့သူတွေ တွေ့ခဲ့ရသလို ပိုင်ရှင် ကိုယ်တိုင်ကလည်း မူလတန်းကျောင်းဆောင် ဆောက်လုပ်လှူဒါန်းတဲ့ လူမှုရေးလုပ်ငန်းဖြင့် နိုင်ငံနဲ့ ပြည်သူကို အကျိုးပြုနေတာ အတွင်းကျကျ သိခဲ့ရပါတယ်။ ဒါ့အပြင် ရွာအနီး တဝိုက်က လူတွေက အရင်က မန္တလေးမြို့ပေါ်တက်ရင် သူ့ကား ကပ်စီးနေကျတဲ့။ အခုတော့ နည်းပညာပြန့်ပွားစေခြင်း မွေးမြူရေးလုပ်ငန်းကို သူ့လို စိတ်ပါဝင်စားလာအောင် ဆွဲဆောင်စည်းရုံးနိုင်ခြင်းကြောင့် ရွာမှာ ကြက်၊ ငါးမွေးမြူသူဦးရေ (၁၀၀) လောက် တိုးတက်လာပြီး အခုဆို ကိုယ်ပိုင်ကား ကိုယ်ပိုင် ဆိုင်ကယ်နဲ့ ဝင်ငွေလမ်းဖြောင့် သာယာနေပါပြီလို့ ဆိုပါတယ်။ အိမ်ထောင်ဦးစီးကိုသာ မှီခိုနေရတဲ့ မြန်မာ့လူနေမှု ပုံစံကနေမိသားစုဝင်တိုင်း ဝင်ငွေကိုယ်စီရရှိစေမယ့် တာဝန်သိသော၊ တာဝန်ယူတတ်သော အသိစိတ်ရှိစွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း Integrated Farming ဖြင့် အမျိုးသားအကျိုးစီးပွားနဲ့ သားငါးကဏ္ဍတိုးတက်အောင်ဆောင်ရွက်နေတဲ့ မြကန်သာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ငါးလုပ်ငန်းဖွံ့ဖြိုးရေး (သတင်းနှင့် ပြန်ကြားရေးအဖွဲ့) တာဝန်ဖြင့် သွားရောက်ခဲ့တဲ့ ကိုတံငါအတွက်လမ်းသလား ရကျိုး နပ်ပါတယ်လို့ ပီတိဖြာမိပါတယ်။

❑



# ရေဝတီ ရေပြာကြည်မှ...

## ရောဝတီ၊ ရေပြာကြည်မှ. . . .

ကိုမင်း (အင်းတော်) ရေးသားပေးပို့သော သတင်းတစ်ပုဒ် ဂျာနယ်တစ်စောင်တွင် ဖတ်လိုက်ရပါတယ်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် လင်းပိုင် (၃)ကောင် မဲဇာချောင်းအတွင်း ဝင်ရောက်လာကြောင်း ဖော်ပြထားခြင်းပါ။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူးမှ မန်လည်အထက်(၂)မိုင်အကွာ ရွှေငှက်ရွာတွင် ရောဝတီလင်းပိုင်တစ်ကောင် ရေလွှာချောင်းပါးတွင် ပိတ်မိကမ်းတင် နေကြောင်းမိုးပွားရန် လွန်ခဲ့သည့်(၅)လကျော်က ရွှေပြောင်း ရောက်လာဖွယ်ရှိကြောင်း၊ မဲဇာချောင်းတွင်း ရေပါး ပြတ်တောက်နေပြီ ဖြစ်သဖြင့် အန္တရာယ်ရှိကြောင်း၊ ရောဝတီမြစ်အတွင်း ပြန်လည်စေလွှတ်နိုင်ရေး တင်ပြလာခဲ့သဖြင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက် တင်ပြခဲ့ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ အနီးကပ်ကြီးကြပ် ဦးဆောင်မှုနဲ့အတူ ကျွန်တော်တို့အဖွဲ့ ဇန်နဝါရီ (၉)ရက်နေ့ မန္တလေးက ထွက်ခွာပြီး (၁၀)ရက်နေ့ မနက်ကတည်းက စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးဌာန၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းနှင့် ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဒေသအာဏာပိုင်တွေ ပူးပေါင်းပြီး ပိုက်ခွဲဖမ်းတင် သယ်ယူပို့ဆောင်ကာ (၂၄)မိုင်ဝေးတဲ့ ရွှေငှက်ရွာကနေ ကသာ ရွှေကူကြီးဆိပ်ကမ်း ရောက်တော့ ညနေ ၄ နာရီ ၄၅ မိနစ် ရှိပါပြီ။ ရေဝတီထဲ ရောက်တော့ ပိုက်လှောင်အိမ် (Floating Cage Culture) ထဲ ထည့်တယ်ဆိုရင်ပဲ တစ်လမ်းလုံး ငြိမ်သက် လိုက်ပါလာတဲ့ မလင်းပိုင်ဟာ ဂမူးရှူးတိုး ရှင်မြူးလှုပ်ရှားနေတဲ့ အတွက် (၂)ရက်လောက်ထားပြီး ဒဏ်ရာရလာတဲ့ နှုတ်သီး (Snout)နဲ့ ဆူးတောင်များ (Dorsal adipose fin, flapper , Caudal fin) တို့ကို (Treatment) ပေးဖို့ အသေးစိပ် မှတ်တမ်းတင်ဖို့ အစီအစဉ် ပယ်ဖျက်ပြီး၊ မိနစ်(၃၀)အတွင်း အမြန်လွှတ်ပေးခဲ့ရပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရဲ့ အားထည့်ဆောင်ရွက်မှုနှင့် ဒေသဆိုင်ရာ အုပ်ချုပ်သူများ၊ အဖွဲ့ အစည်းများမှ ပူးပေါင်းပါဝင်မှု ဟန်ချက်ညီလှတာကြောင့် ဆိုင်ရာ အဖွဲ့အစည်းဖြစ်တဲ့ WCS ( Wild – Life Conservation

Society) အဖွဲ့အစည်းကြီးကလည်း မှတ်တမ်းတင် ဂုဏ်ပြုဖို့ စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အသေးစိပ် ရေးရရင် ခရီးသွားဆောင်းပါး သဖွယ်ဖြစ်သွားမှာမို့ အကျဉ်းမျှသာ ဖော်ပြလိုက်ရပါတယ်။ ကျွန်တော်ပြောချင်တာ လင်းပိုင်မလေးအကြောင်း ဖြစ်ပါတယ်။

အင်းတော် မြို့နယ်၊ **ရွှေငှက်ရွာ၊ မဲဇာချောင်း** ထဲက **ဆည်ရွာ** အနီးဆိုတော့ ကျွန်တော်က သူ့ကို **ရွှေဇာဆည်** လို့ အမည်ပေးပါတယ်။ (ရွှေဇာဆီလို့ အသံထွက်ပါရန်) မဲဇာဆိုတာက အားလုံး သိကြတဲ့အတိုင်း မျက်ဖြေလက်ာ ရေးစပ်ခဲ့တဲ့ လက်ဝဲသုန္ဒရအမတ်ကြီး နယ်နှင်ဒဏ် ပို့ခံရတဲ့ ထီးချိုင့်မြို့နယ်ထဲက  ရောဝတီနဲ့ ပေါင်းဆုံစည်းရာ နေရာမှာ အထက်က သက်ဝင်လာတာ မဲဇာမြစ်ဆုံ ဖြစ်ပါတယ်။ နောက် သွားရတဲ့ ခရီးက အထင်ကရ မန်လည်ဆရာတော်ဘုရားကြီးရဲ့ မန်လည်ရွာက သွားရတာ ဆိုတော့ ဒီ လင်းပိုင်မလေးက သမိုင်းပေါင်းစုံနဲ့ ဂန္ထဝင် ခရီးသည်မလေး ပေါ့ဗျာ။

ရက်ပေါင်း (၃၆၀)ကြာအောင် ပဋိသန္ဓေ ဆောင်တတ်တဲ့ နို့တိုက် သတ္တဝါ လင်းပိုင်မလေးဟာ ရင်သွေးအတွက် ရတာက်မအေးလို့ ခေတ်မီ ငါးဖမ်းကိရိယာ နည်းပါးတဲ့၊ လူသူ အရောက်အပေါက် နည်းတဲ့၊ ဆိပ်ငြိမ် အေးချမ်းတဲ့ မဲဇာမြစ်ဝှမ်းကို ဆန်တက်ခဲ့တာပါ။ ဆန်ခဲ့စဉ်က ရေဦးကာလ ဝါဆို၊ ဝါခေါင် ရေဖောင်

ဖောင်၊ ချိန်ရာသီလည်း မသိ၊ ပန်းနဲ့လည်း မညှိခဲ့လေတော့ ဆန်တက်ချိန်က သုံးကောင်၊ စုန်အဆင်းမှာ အထီးကျန် တစ်ကောင်တည်း။ ဖော်မဲ့ သင်းကွဲ ဖြစ်ခဲ့ ရလေသည်။ မဲဇာ ချောင်း ရေပါး၊ အချို့ နေရာ ခြေမျက်စိသာသာ ရေအနက်၊ အချို့ နေရာ တစ်ထောင့် တစ်ထွာ ရေလျှာမှာ အရှည် ခြောက်ပေခွဲ၊ လုံးပတ် ( ၃ပေ၊ ၄လက်မ ) ရှိတဲ့ သူမ ခန္ဓာကိုယ် အချိုးအစားက ရေပါးကို ဘယ် အံ့တုနိုင်မလဲ ဗျာ။ ဒီမှာတင် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (WCS)နဲ့ ငါးလုပ်ငန်း ဦးစီးဌာန (DOF) က ကယ်တင်ဖို့ ရောက်ရတော့ပါပဲ။ လူတွေ အမှုမဲ့ အမှတ်မဲ့ နေတတ်လို့ပါ။ အရင်က ဒီ ရေနေ နို့တိုက် သတ္တဝါဟာ ကောင်ရေ တော်တော်များပေမယ့် ယနေ့ မျက်မှောက်ကာလမှာ ကောင်ရေ (၇၀) ဝန်းကျင်သာ ကျန်တော့တာမို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ဖြစ်တဲ့ WCS ပင် မနေနိုင်၊ ငါးလုပ်ငန်းဦးစီးဌာနနဲ့ လက်တွဲ ထိန်းသိမ်း ရတာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်တွင်း ရေချိုဒေသမှာ တွေ့ရတဲ့ လင်းပိုင်အမျိုးအစားကို အစွဲပြုပြီး Irrawaddy Dolphin (Ayarwady Dolphin) လို့ ကမ္ဘာသိ၊ မြန်မာသိ မှည့်ခေါ် ခဲ့တဲ့ ဒီနာမည်ဟာ မဲခေါင်နှင့် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံမှာလည်း ဒီနာမည်သာ ခေါ်တွင်ခဲ့တဲ့ အတွက် နိုင်ငံ့ဂုဏ်ဆောင် ရေနေသတ္တဝါ ဖြစ်လို့ နေပါပြီ။ (၇) ကောင်အုပ်စု၊ (၅)ကောင်

အုပ်စု၊ (၃)ကောင် အုပ်စုနဲ့ ခေါင်းဆောင် ထိပ်တင် ခရီးနှင် တတ်တဲ့ လင်းပိုင်မျိုးပါ။ တံငါနှင့် အတူ ငါးကူ ဖမ်းပေးတတ်ပြီး ဂျာမနီနိုင်ငံ အပါအဝင် နိုင်ငံအသီးသီးက တံငါမိတ်ဆွေလို့ မှတ်တမ်း တင်ထားတာလည်း အားလုံး သိမည် ထင်ပါတယ်။ ရေးကာလက မည်းမည်းနဲ့ ငုပ်ချီ၊ ပျောက်ချီ၊ ယင်းခွဲ၊ ပိုက်ခွဲ၊ ငါးရိုက် တင်တတ်လို့ နတ်ငါးလို့ ခေါ်တာလည်း ရောဝတီ လင်းပိုင်ပါပဲ။ နေရာအနှံ့ ရောဝတီ တစ်လျှောက် လပိုင်တင်၊ လပိုင်ကွေ့၊ လပိုင်ကပ်နဲ့ မှည့်ခေါ်ထားတဲ့ သောင်ကျွန်း၊ ထုံးမြစ်တွေလည်း ယနေ့တိုင် စွဲခိုင်လွှန်းပါတယ်။

ငါးတွေဟာ အစာအတွက် ရွှေ့ပြောင်းခြင်း၊ မျိုးပွားဖို့ ရွှေ့ပြောင်းခြင်း၊ ဆောင်းခိုဖို့ ရွှေ့ပြောင်းခြင်း စတဲ့ ရွှေ့ပြောင်းခြင်း သုံးမျိုးနဲ့ တစ်နှစ်ပတ်လုံး သံသရာလည်နေလေ့ ရှိကြပါတယ်။ ရွှေဇာဆည်ဟာ မျိုးပွားဖို့နဲ့၊ ဆောင်းခိုဖို့ ရွှေ့ပြောင်းရင်း ကျန်ရစ်ခဲ့ရာတာပါ။ လင်းပိုင်တွေဟာ ကျောက်ဆောင်၊ ကျောက်စွန်း ပေါတဲ့ နေရာတွေ ရှောင်ပါတယ်။ သင်္ဘောတွေ၊ မော်တော်တွေရဲ့ သင်္ဘောကြောင်း (သင်္ဘောမောင်းနှင်ရမည့် လမ်းကြောင်း)ကို ရှေ့ဆောင် လမ်းပြတတ်တဲ့ သူတွေလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေကလည်း သိကြတဲ့ အတိုင်း လူကို ကူညီတတ်တဲ့ သတ္တဝါတွေ၊ မကူညီရင်တောင် ချစ်စရာကောင်းရင် ပိုင်းချစ်တာပဲ။ ဥပမာ ဆင် ဆိုပါစို့။

အကောင်ကြီးပေမယ့် ချစ်ကြတယ်။ ယုန်၊ ဟသ်ာ ငြီးတော့ ငါးထဲမှာလည်း ရှားရှားပါးပါး လင်းပိုင်၊ အဲဒီနေ့က သူ့ကို ကသာ ဆိပ်ကမ်း သယ်လာတော့ ကြိုတင် ကြေငြာမထားဘဲ ကသာ မြို့ခံလူထု ဝိုင်းပြီး ကြိုကြ၊ ကြည့်ကြတာ ကမ်းလုံးညွတ်မျှ ထောင်သောင်းမကပဲ၊ မျက်နှာတွေ ကြည့်လိုက်တော့လည်း လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ ကြည်နူး ရွှင်ပြုံးမျက်နှာတွေ နဲ့ အားရစရာ ပေါက်ပေါက်ကြဲကြ၊ နုံသာရည် ဖြန်းကြ၊ ပိုက်ဆံ ကြဲကြနဲ့ အလှူပွဲတစ်ခု အလား ထင်မှတ်မှားရတယ်။

အံ့သြစရာကောင်းတာက ကျွန်တော်တို့ သယ်ပို့အဖွဲ့ ရောက်မလာခင် ညနေ (၃) နာရီခွဲ အချိန်လောက်မှာ မတွေ့ရ တာကြာပြီဖြစ်တဲ့ ရောဝတီလင်းပိုင် (၆)ကောင်ကို သူ့ လွှတ်မယ့် နေရာအနီး အချိန်ကြာကြာ ငုပ်ချီ၊ ပေါ်ချီ တွေ့လိုက်တာ ကြိုရောက်နေတဲ့ ကသာ လူထု ဟာကန်နဲ့ ဟင်ကန် ဖြစ်ရောပဲ။

ကျွန်တော့် အတွက်တော့ စဉ်းစားစရာပါပဲ။ ဒါဟာ တိုက်ဆိုင်မှု တစ်ခု မဟုတ်ပါ။ ရေပါးနေတဲ့၊ သောင်ထွန်းနေ တဲ့ ကသာဆိပ်ကမ်းဘက် လင်းပိုင်တွေ ဝင်လေ့မရှိပါ၊ မလာ တာလည်း နှစ်အတန် ကြာပြီ ဖြစ်ပါတယ်။ ဒါဖြင့် ဒီနေ့၊ ဒီရက်၊ ဒီအချိန် ဘာကြောင့် လာရပါသလဲ။ ကျွန်တော်တို့ မသိသော လိုက်မမီသော သဘာဝ အဖြစ်အပျက်တွေ ရှိပါတယ်။

ကျွန်တော်တို့ သူ့ကို သယ်ယူစဉ် "တရှုးရှုး" မှုတ်မည်သံ ပြုတတ်သော အသံ အတို၊ အရှည် နရီလှိုင်း ကွာသော နှာမှုတ်သံကို ကြက်သေ သေအောင် ငေးမော ကြားနာခဲ့ရပါတယ်။ လူတွေ တီထွင်ထားတဲ့ G.S.M တယ်လီဖုန်း၊ (Sattlelite/ remote sensing/ echo sounder) တို့ဟာ လှိုင်းကြိုး အဆက်အသွယ် ရှိပါရဲ့လား။ ဘာလို့ ပြောနေ ကြားနေ၊ မြင်နေ တွေ့နေ ရတာလဲ။ ဒီအဖြစ်ကိုပဲ ဘာသာရေးနဲ့ စိတ်ပညာ အခြေခံ တွေးကြည့်တော့ ဆဋ္ဌအာရုံ ဘာလဲ။ တယ်လီပသီ ဘယ်လိုလဲ။ ရွှေဇာဆည် ကျွန်တော့်ကို ပေးသောအသိမှာ အတွေးပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ Traditional thinking နှင့် သွားမရတော့ပါ။ အချိန်ပေးနိုင်၍ လင်းပိုင်မလေးနဲ့အတူ ရက်ပေါင်းများစွာ နေရလျှင် ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော ကျွန်တော့် အတွက် များစွာ အထောက်အကူရမှာ ဖြစ်ပါတယ်။ နာရီပိုင်းမျှ တွေ့ခဲ့ရသော ရွှေဇာဆည်ကို မေ့မရပါ။ ထိုနေ့ တစ်နေ့လုံးလည်း နေပျော်မရှင်ပါ။ သူချစ်သော ရောဝတီသို့ ကျွန်တော်တို့ကို ပစ်ခွာ ထွက်ခွာသွားပေမယ့် ဒဏ်ရာအနည်းငယ်ရနေသော ရွှေဇာဆည် ကို ပိုတက်စီယံ ပါမင်းဂနိတ်၊ ကလိုရှိဖီနီကော (Oil gel) ဆေးလေးမျှပင် ပြုစုခွင့် မရလိုက်သည်ကို တစ်သက်လုံး နောင်တရ ဆုံးမည် မထင်ပါ။

(ကာသာ၊ ထီးချိုင့်၊ တကောင်း၊ သပိတ်ကျင်း၊ စဉ့်ကူး၊ မန္တလေး၊ ရန်ကုန်ခရီးစဉ်တစ်လျှောက် တွေးထင်ခဲ့သော ရွှေဇာဆည်အမှတ်တရကဗျာတစ်ပုဒ်ကို ဖော်ပြလိုက်ပါတယ်။ လင်းပိုင်ပိတ်လှောင်မိရာနေရာများကို အစွဲပြုမှည့်ခေါ်ပါသည်)



## ရောဝတီ၊ ရေပြာကြည်မှ ရွှေဇာဆည်၏ မေတ္တာရည်

၁။ စီးကာ ခွေရစ်၊ မဲဇာမြစ်သို့
ချစ်သည့် ရင်သွေး၊ ဘေးရန်ဝေးကွာ
မွေးပါရကြောင်း၊ ရည်ရွယ်ကောင်းလျက်
မြစ်ကြောင်း ဆန်တက်၊ ခရီးဆက်ခဲ့
မန်လည်ထက်က၊ ရွာရွှေငှက်···ဆီ။

၂။ ကြည်သာရှင်ပြ၊ မျိုးပျော်ကြ၍
ရေထရက်ကြံ့၊ ရာသီကုန်လည်း
ရေစုန်မဆင်း၊ ဖော်တစ်သင်းသာ
စွန့်ခွာပါကြောင်း၊ ရာသီနှောင်းမှသိရသည်။

၃။ သည်မှာမြို့င်တန်း၊ တောစခန်းနှင့်
စိမ့်စမ်းမြောင်လျှို၊ အနေချိုလည်း
ရောကိုသာ၊ လွမ်းရသည်
မနေသာ၊ ဖွေရှာနွမ်းရသည်။

၄။ လမ်းကြောင်းမှန်လျှက်၊ အပြန်ခက်သော
မန်လည်မြစ်ကြော၊ ရေတိမ်ကြောတင်
ကြမ္မာငင်သည်၊ မကြင်ဝေးပြီ
ရောဝတီ။

၅။ အို ... ရင်မောရတဲ့၊ အသင်လောက
ပြောသမျှနာခံ၊ လောကဓံကို
ကြံ့ကြံ့ခံရင်း၊ မာန်ကိုတင်းလည်း
မြစ်တွင်းရေခွာ၊ အနေကြာတော့
မယ်ပဋာပမာ ဖြစ်ရပြီ။

၆။ နောင်လာရင်သွေး၊ ပုလုကွေးအား
အမိမဲ့သား၊ ရေနည်းငါးလည်း မဖြစ်စေလို

၇။ လူးလားဆန်တက်၊ စုန်လျက်ပြန်ဆင်း
စဉ်းစားရင်းသာ၊ ဆည်းဆာနေညို
မျက်ရည်ယို။

၇။ အို . . . ငါတို့မျိုးရိုး၊ စဉ်ကြိုးကာကွယ်
စောင့်ရှောက်နှယ်တဲ့၊ ဒဗလျူစီအက်သို့ မေတ္တာရည်
ဒီအိုအက်ဖ်သို့ သစ္စာတည်။

၉။ ညီတူမျှတ၊ သမီးတမျှ
သင်ချစ်လှသည့်၊ ဒုက္ခအိုးကျ
လင်းပိုင်မ(လပိုင်မ)ကို
သခင်မြင်လှည့် ကြင်ပါလှည့်။

၁၀။ ရည်မျှော်ကာလ၊ တခဏ၌
ငါ့သစ္စာမှန်၊ မေတ္တာပြန်၍
ရပ်ဌာန်ပို့မြန်း၊ ငါ့စခန်းဖြစ်
ကသာမြစ်သို့ နှမ်းလျှအိမ်ပြန်ပို့လေပြီ။

၁၁။ ဒီမှာကြည့်စမ်း၊ ကသာကမ်းမှ
သောင်းဖျကြိုဆို၊ ပိုမိုထောင်သောင်း
ပြည်သူပေါင်းမှ၊ သတင်းကောင်းလည်းငါရပြီ။

၁၂။ မနှောင်းကာလ၊ တဒင်္ဂက
မြစ်ဝသောင်တွင်း၊ ခြောက်ကောင်ပေါင်းသင်း
ငှါ့ရောင်းရင်းတို့၊ မျိုးရင်းကြီးဆို
နှုတ်ဆက်လိုကြောင်း၊ နှစ်ထောင်းအားရ
ငါကြားရသည်။

၁၃။ ငါသန္ဓေတည်၊ ရောဝတီ၏
ရေပြာကြည်စမ်း၊ အမေ့ဝမ်းရင်း
ငါသက်ဆင်း၍ ရင်တွင်းခိုခွင့်ရလေပြီ။

၁၄။ စီစဉ်ဆောင်ရွက်၊ ပြည့်အတွက်ဖြစ်
ဒဗလျူစီအက်စ်၊ ဒီအိုအက်ဖ်တို့
သက်ထက်ဆုံးတိုင် တည်ပါစေ။
ဆက်လက်ပြုံးနိုင် ပိုင်နိုင်တည်။

၁၅။ ရောဝတီ၊ ရေပြာကြည်မှ
**ရွှေဇာဆည်**မ၊ မေတ္တာရည်။

ရွှေ = ရွှေငှက်ရွာ၊ အင်းတော်မြို့နယ်
ဇာ = မဲဇာမြစ်၊ မန်လည်ရွာအနီး၊ အင်းတော်မြို့နယ်
ဆည် = ဆည်ရွာ၊ အင်းတော်မြို့နယ်

WCS = Wild – Life Conservation Society
သားငှက်ထိန်းသိမ်းရေးအဖွဲ့

DOF = Department of Fisheries
ငါးလုပ်ငန်းဦးစီးဌာန



## ငွေပင်လယ်ဂျာနယ် အတွက် ဂုဏ်ပြုကဗျာ

- **ငွေ** အားမထား၊ လုပ်အားများစွာ
စေတနာဖြင့်၊ ပညာထပ်ဆင့်
မျှော်တွေးချင့်လျှက်၊ သင့်ရာကောင်းနိုး
ဆောင်ကျိုးရည်မျှော်၊ စာဖိတ်ခေါ်၍
ကျွန်တော်နှင့်သင်၊ စုံလင်သုတပြည့်စေပြီ။

- **ပင်** ပန်းနွမ်းလျ၊ ထမ်းဆောင်ရလည်း
စူးရှထက်မြက်၊ ဉာဏ်လက်နက်ဖြင့်
ရက်ဆက်ခါခါ၊ ရေးသားကာပို့
စာမူတို့ကို၊ လာမူကြိုဆို
ထိုထိုစိစစ်၊ ရသစစ်မှန်သဏ္ဍာန်သရုပ်ပြည့်လေပြီ။

- **လယ်**ယာသားငါ၊ ပြည့်စီးပွားတွက်
ထွန်းကားတိုးတက်၊ ပြည့်ဈေးကွက်တွင်
မှန်းချက်ရည်သန်၊ ရည်သွေးမှန်သည့်
ပိုလျှံသားငါ၊ နိုင်ငံခြားသို့
တင်ပို့ရောင်းဝယ်၊ သည်နယ်ပယ်၏
ခန့်ထည်ကြွယ်မှု၊ အစုစုလည်း
သတင်းပြု၍၊ ပေးဝေသည်။

- **ဂျာ** နယ်လစ်တို့၊ တိုးတက်ဖို့ဆို
ရိုက်ျုံးအားမာန်၊ ကိုယ့်ဟန်ပန်နှင့်
မှန်မှန်ချီတက်၊ ခရီးဆက်ခဲ့
အင်္ဂါရက်တိုင်း၊ စည်းဝေးဝိုင်းတွင်
တုံ့ဆိုင်းမတွေ၊ ဆွေးနွေးပေးသည့်
ထူးထွေရေးရာ၊ အဖြာဖြာကို
သတင်းဖြန့်ဝေပေးစေသည်။

- **နယ်** ပယ်ပေါင်းစုံ၊ ကဏ္ဍစုံ၏
ခြုံငုံသုတ၊ မှန်သမျှကို
သင်မျှဝေသည့်၊ ထိုပီတီလည်း
ရက်နည်းမကြာ၊ နှစ်လရာပေါင်း
ထောင်သောင်းကြာမြင့်ချီပါစေ
အောင်ကြောင်းသာတင့်ဝေဖြာစည်။

ကိုတံငါ(မဟာမဏ္ဍပေဒ)

- ၄ - ၂၀၀၉) ရက်နေ့ထုတ် ငွေပင်လယ်ဂျာနယ်
တွဲ(၃) အမှတ်(၃၁) မှ

## သူငယ်ချင်းသို့

- သူငယ်ချင်း
မင်းသူ့ကိုကြည့်

- ငါးပါးရန်မျိုး၊ ဖြစ်ဆိုးတစ်ခု
ကြုံလာမှုသော် စိတ်တော်ထကြွ
တစ်ခဏာ၌၊ ဘဝကူးပြောင်း
သက်နီးတောင်း၍၊ ကျင့်ကောင်းရဟန်း
တောထွက်မြန်းမည်၊ သူကြံစည်၏

- ကြံစည်ဖြောင့်မှန်၊ အစိဌာန်ဖြင့်
ရဟန်းပြုရန်၊ သူရည်သန်သော်
သိဒ္ဓတ္ထထုံး၊ သျှောင်မဆုံးမီ
ကျင့်သုံးသီလ၊ ဝိကာလကို
သုံးညရှောင်ကျဉ်၊ အိပ်ရာဝင်လော့

ရင်တွင်မချို၊ ပူလောင်ဘိကား
အဝီစိခါး၊ ငရဲများသို့
ရောက်သွားသလိုပ• သူငယ်ချင်း

- သူငယ်ချင်း•

အခုတော့လည်း
ရက်ကြော့နှစ်ကြာ၊ ရွှေကဗ္ဗလာမှာ
အနေကြာတော့၊ စိတ်လျော့ရည်မှန်း
သူဆင်မြန်းမည့်၊ ကြာသကၤန်းလည်း
ယက္ကန်းမဆင်၊ စာမတင်ပြီ
ပင့်ကူမျှင်ပင်ဖွဲ့ရော့တကား။

ကိုတံငါ(မဟာမဇ္ဈဗေဒ)

## နတ်က…တော်တော်…နတ်ကတော်

- ရှေးခေလေ့ထုံး၊ ကျင့်သုံးကိုးကွယ်
လူ့နယ်ပယ်တွင်၊ ယခင်ကျင့်ထုံး
စံနှုန်းဝေဖန်၊ မပြုကြံလည်း
ရံဖန်ယခု၊ ကြုံလာမှုသည်
နတ်ဟန်ပန်တု၊ နတ်ရုပ်ထုအား
ရှေ့ထားနောက်ကွယ်၊ မှီတွယ်သမှု
ဤနယ်ပြုပြီး…

- အမကြီးက၊ ဆိုဆုံးမဟန်
သူ့ကျင့်ကြံ၍၊ သူ့ဟန်ပန်ထုတ်
အကြံယုတ်ဖြင့်၊ ဖြုတ်စဗျင်းတောင်း
အကျင့်ဟောင်းနှင့်၊ ရိုက်မောင်းကျိန်းမောင်း
ဆဲဆိုမောင်းသည်၊
အငှါးခေါင်းဆောင်းနှင့်ပါတကား။

- နတ်တစ်ပါးပြောင်း၊ ဝိညာဉ်တောင်းပြီး
အဘကြီးက၊ ဆိုဆုံးမဟန်
အကျင့်တန်နှင့်၊ နတ်ဟန်အားကိုး

နတ်မျိုးမမည်၊ ခွေးဝစီနှင့်
တအီအီသာထွက်ရော့တကား။

- နတ်တစ်ပါးပြောင်း။ ဝိညာဉ်တောင်းသော်
ကိုကြီးကျော်ကာ၊ ဆုံးမသဖွယ်
သူလီဆဝယ်၍၊ သည့်နှယ်မကြိုက်
ဟိုနှယ်ကြိုက်၏၊ မလိုက်အလို
ပြုမူထိုက၊ မကြာဒုက္ခ
ရလတ္တံ့ဟု၊ နှုတ်မှုဖွဖွပြောဘိတကား။

- နတ်တစ်ပါးပြောင်း။ ဝိညာဉ်တောင်းရင်း
ရွှေဖျဉ်းညီနှောင်၊ ဆုံးမယောင်ဖြင့်
ဗျောင်တောင်ဗေထိ၊ နှုတ်ကတိတောင်း
ဟိုးရောင်းဒီဝယ်၊ ဟိုနယ်သည်လိုင်း
နတ်ကသိုင်းရှု၊ မြင်ရဟုလို
ပိုမိုငေါက်ငမ်း။ နတ်ဓါးထမ်း၏။

- ဆန်းပြားကျယ်လှ၊ ဘုံဘဝ
နတ်က· · ·တော်တော်၊ နတ်ကတော်
နတ်ကတော်· · ·တော်သာ ညည်းမိတကား။

ကိုတင့်ငါ(မဟာမဏ္ဍဗေဒ)

## မြန်ပြည်မချစ်၊ ဝင်လာရစ်သော နာဂစ်တောလား

- နံနက်ခင်း ...

အလင်းဝင်ရောက်၊ အမှောင်ပျောက်လည်း
မုန်တိုင်းမစဲ၊ မိုးသည်းသည်းတွင်
တဲစင်အုန်းပင်၊ ကုက္ကိုပင်နှင့်
ပင်အိုမြောက်များ၊ ခြောက်ချားဘွယ်ရာ
မြေမှာပြိုသိပ်၊ ထာဝရအိပ်စက်
ကွဲအက်ဘွယ်ရာ၊ မြေကမ္ဘာလာလည်း
ဖရိုဖရဲ၊ လဲလဲပြိုပြို
ထိုထိုမြင်ကွင်း၊ စစ်တလင်းအလား
ထင်မှတ်မှား။

- တစ်ရက်ချင်း...

စာရင်းကောက်ယူ၊ ရက်မူကြာသော်
ထိုရော်ကာလ၊ တဒင်္ဂတွင်
ရင်ခွင်ပိုက်သား၊ ဇနီးမယားနှင့်
ယောက်ျားပျိုပျို၊ လူအိုသူမ
မြင်ခဲ့သမျှ၊ တစ်ဘဝတွင်
နေ့မြင်ညပျောက်၊ နာမ်ပျောက်ခန္ဓာ
သတ္တဝါသက်မဲ့၊ ဇာတာရက်ဖွဲ့နည်းလေသလား။

- အသက်ရင်း . . .

မြစ်တွင်းရိုင်းစိုင်း၊ မေမုန်တိုင်းလည်း
ရက်နည်းမကြာ၊ မြန်ပြည်ခွါသော်
ရောရန်ကုန်၊ ဒေသစုံသည်
ကြုံလုံခဏ၊ ဘုံဘဝဝယ်
နယ်ပယ်ပျက်သုဉ်း၊ ရွာလုံးသုည
တိဒုက္ခဖြင့်၊ ရင်နှင့်အမျှ
ကြေကွဲရသည်၊ သင်လာရက်စက်ဖုံ့ချွေသလား။

- အို . . . နာဂစ်အသင်
စိတ်ရိုင်းဝင်သည့်၊ ရုပ်သွင်ကြမ်းတမ်း
သင့်ဇာတ်လမ်းကို၊ အလွမ်းမဆင်
စာမတင်ပဲ၊ ဘဝင်မညို့
ပြည့်အားကိုးဖြင့်၊ ရွာကျိုးရွယ်ဆောင်
ပြန်ထူထောင်၍၊ တည့်အောင်မတ်မည်
စိတ်တူညီမျှ၊ ညီညာဖျဖျ
သိုင်းဝိုင်းကြလော့၊
ကြည်သာနော့နော့ဖွံ့လေတကား။ ။

ကိုတံငါ(မဟာမစ္ဆဗေဒ)

## မွေး/ရေ ကျေးဋူး၊ လွန်မြတ်ထူး

မုန်တိုင်းဝင်ရောက်၊ ဘဝပျောက်ပြား
ရက်ခြားမကြာ၊ သည်မြေလာ၍
ရှေ့ထားမေတ္တာ၊ ဂရုဏာဖြင့်
ညီညာဖျဖျ၊ သိုင်းဝိုင်းကြနှင့်
တစ်ခဏာတွင်း၊ လိုရင်းဥစ္စာ
ထိုတံငါတွက်၊ ရေဝယ်သုဉ်းပျောက်
လှေငယ်ဆောက်၍၊ ပံ့ထောက်ကူမ
လိုသမျှကို၊ ဖေး မ စေသည့်
မွေး/ရေ ကျေးဋူး၊ မေ့ဘူးတစ်သက်
နေ့ရက်ကူးပြောင်း၊ ရာသီညောင်းလည်း
အပေါင်းကိုပစ်၊ ဘဝသစ်တွင်
အသွင်သစ်ထူး၊ ကျွန်ပျော်မြူးသည်
လှေဦးစိုက်၍၊ ဝမ်းစိုပြီ ။ ။

ကိုတံငါ(မဟာမဏ္ဍပေဒ)